# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၃/၂၀၂၃

**၂၀၂၃ ခုနှစ်၊ မတ်လ သတင်းခေါင်းစဉ်များ**

**ပြည်တွင်းဈေးကွက်**

- ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဆန်အိတ် ၂၀၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ
- ဘိုကလေးမြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ ထိ ဈေးကောင်းရရှိ
- ယခုနှစ်ပင်လယ်ရေလုပ်ငန်း ရာသီပိတ်သိမ်းချိန်နီးကပ်လာ၍ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသထွက် မျှင်ငါးပိ ဈေးကွက်သွက်လက်လှုပ်ရှားနေ

**နိုင်ငံတကာဈေးကွက်**

- ဖိလစ်ပိုင်နိုင်ငံသို့ ထိုင်းနိုင်ငံဆန်တင်ပို့မှု နှစ်ဆ မြင့်တက်လာဖွယ်ရှိ
- အိန္ဒိယနိုင်ငံတွင် အပူချိန်မြင့်တက်လာမှုကြောင့် ဂျုံစိုက်ခင်းများအပေါ် ဆိုးကျိုးသက်ရောက်မှုကို အကဲဖြတ်ရန်စီစဉ်
- အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့မှု ပိတ်ပင်ကန့်သတ်ချက်များ ဆက်ထားဦးမည်ဟု ဆို
- ဗီယက်နမ်နိုင်ငံမှ နဂါးမောက်သီး တစ်နှစ်ပတ်လုံးသီးအောင် မီးထွန်းစိုက်ပျိုး၍ ပြည်ပတင်ပို့
- ကော်ဖီအထွက်နှုန်းကျဆင်းနေမှုကို သက်သာစေနိုင်မဲ့ ရာသီဥတုဒဏ်ခံကော်ဖီမျိုးသစ်
- ငှက်ပျောသီးတင်ပို့မှုတွင် ဂျပန်နိုင်ငံသို့ ဈေးကွက်ဝင်ခွင့် ပိုမိုရရှိရန် ဖိလစ်ပိုင် ဆောင်ရွက်မည်
- အာရှဈေးကွက်အတွင်းသို့ တရုတ်နိုင်ငံ၏ ခဲတံဆီနှင့် ဒီဇယ်ဆီ အဝင်နည်းမည်ခန့်မှန်း

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- ဈေးကွက်ဝင် မြန်မာ့သရက်သီးနှင့် MSME
- တန် ၅၀၀ ဆန့် ငါး၊ ပုစွန် အအေးခန်းစက်ရုံ BOT စနစ်ဖြင့် မြေ ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်

**ပြည်ပကုန်သွယ်မှုသတင်း**

- ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ နှမ်းတန်ချိန် ၂ သိန်းကျော် တင်ပို့ရောင်းချမည်
- ယူနန်-မြန်မာအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် Platform တည်ဆောက်ပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်လိုကြောင်း ယူနန်ကူးသန်းရောင်းဝယ်ရေးညွှန်ကြားရေးမှူးချုပ်ပြောကြား
- ထိုင်းနိုင်ငံမှ ဈေးကွက်ဝယ်လိုအား ကောင်းနေသော ကင်းမွန်နှင့် ရေခူ
- မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**အထူးဆောင်းပါးများ**

- ဈေးကွက်ရရှိရေးအတွက် အရေးပါသည့် ကုန်ထုတ်လုပ်မှုစရိတ်လျှော့နည်းရေး

**အမိန့်ကြော်ငြာစာ**

- ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ သတ်မှတ်ခြင်း

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၃၁၆
http://www.myantrade.org
myantradetir2018@gmail.com

# ပြည်တွင်းဈေးကွက်

## ရေဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဆန်အိတ် ၂၀၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ၂၄ ပြည်ဝင် ဆန်အိတ် ၂၀၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပုသိမ်မြို့နယ်ဆန်နှင့် စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်း ဈေးကွက်ရှာဖွေရေး တာဝန်ခံ ဒေါ်စုစုလှိုင် က ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဇန်နဝါရီလအတွင်း ဆန်အိတ် ၁၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း ဆန်အိတ် ၂၀၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဧရာဝတီတိုင်းဒေသကြီးက ဆန်အိတ်တွေကို ပုသိမ်ကနေ အဓိက တင်ပို့နေတာဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးမှာက အခုမိုးစပါးတွေ ရိတ်သိမ်းပြီးလို့ နွေစပါးတွေ စိုက်နေတဲ့ကာလပါ။ ဆန်အိတ်တွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ ဇန်နဝါရီလ တစ်လအတွင်း ၂၄ ပြည်ဝင် ဆန်အိတ် ၁၆၅၀၀၀ ထိ တင်ပို့ရောင်းချထားရပါတယ်။ လက်ရှိအဝယ်လိုက်လာသလို ဈေးကလည်းအနည်းငယ်တက်လာပါတယ်။ ဆန်အိတ်တွေကို အခုလို များများတင်ပို့လာရတာကြောင့် ကုန်သည်လုပ်ငန်းရှင်တွေအပြင် တောင်သူတွေ၊ ကုန်တင်ကုန်ချလုပ်သားတွေလဲ အဆင်ပြေလာပါတယ်"ဟု ဒေါ်စုစုလှိုင်က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ဖျာပုံပေါ်ဆန်းမွှေး၊ ညှော်မထ၊ ရက် ၉၀၊ မနောသုခ၊ သီးထပ်ရင်၊ ထိုင်းဘေးကျား၊ နှံကား၊ ရောမင်း၊ ဆင်းသုခ၊ ပုသိမ်ပေါ်ဆန်း၊ ကျားပျံစသည့် ဆန်အမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချကြောင်း သိရသည်။

ဆန်ဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းမွှေး တစ်အိတ်လျှင် ငွေကျပ် ၇၇၀၀၀၊ ညှော်မထ တစ်အိတ်လျှင် ငွေကျပ် ၅၆၀၀၀၊ ရက် ၉၀ တစ်အိတ်လျှင် ငွေကျပ် ၅၆၅၀၀၊ မနောသုခ တစ်အိတ်လျှင် ငွေကျပ် ၅၅၅၀၀၊ သီးထပ်ရင်တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀၊ ထိုင်းဘေးကျား တစ်အိတ်လျှင် ငွေကျပ် ၅၃၀၀၀၊ နှံကားတစ်အိတ်လျှင် ငွေကျပ် ၄၂၅၀၀၊ ရောမင်းတစ်အိတ်လျှင် ငွေကျပ် ၅၆၀၀၀၊ ဆင်းသုခတစ်အိတ်လျှင် ငွေကျပ် ၅၃၅၀၀၊ ပုသိမ်ပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀၊ ကျားပျံတစ်အိတ်လျှင် ငွေကျပ် ၇၈၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။ Source: ရတနာပုံသတင်းစာ

## ဘိုကလေးမြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ ထိ ဈေးကောင်းရရှိ

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ ထိ ဈေးကောင်းရရှိကြောင်း ဘိုကလေးမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းများအသင်း စိုက်ပျိုးရေးတာဝန်ခံ ဦးတင်ဌေးလင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက စိုက်ပျိုးရေးကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိသာဈေးရရှိခဲ့ပြီး လက်ရှိဖေဖော်ဝါရီလ ပထမပတ်မှ ယနေ့ (ဖေဖော်ဝါရီလ ၂၇ ရက်နေ့)အထိ ကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါစိုက်ပျိုးရေးကောက်ရိုးမှိုများ ဈေးကောင်းရရှိလာခြင်းသည် စိုက်ပျိုးရေးကောက်ရိုးမှို စိုက်ပျိုးသူနည်းလာခြင်းနှင့် ဝယ်ယူမှုအားကောင်းနေခြင်းကြောင့် ဖြစ်ကြောင်းသိရသည်။

"ဘိုကလေးမြို့နယ်က ဒေသထွက်စိုက်ပျိုးရေးကောက်ရိုးမှိုတွေ အခုလထဲမှာ အရင်ကထက် ဈေးကောင်းရရှိနေတယ်။ ဈေးကောင်းရရှိတာကလည်း အရင်နှစ်တွေက ဈေးကွက်မကောင်းခဲ့တော့ ဒီနှစ်ဈေးမကောင်းလောက်ဘူးထင်ပြီး နည်းနည်းသာစိုက်ခဲ့ကြတော့ အထွက်နှုန်းနည်းလို့ ဈေးကောင်းရနေတာလည်းဖြစ်တယ်။ အခုလိုဈေးကောင်းရတော့ စိုက်ပျိုးသူတွေလည်း တွက်ခြေကိုက်နေတယ်။ ဒီနှစ်စိုက်ပျိုးစရိတ်လေးတော့ နည်းနည်းပိုကုန်ကျလာတယ်။ ဒေသထွက်မှိုတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတယ်။ ရန်ကုန်ဘက်ကလည်း မှိုတွေအဝယ်လိုက်နေပါတယ်"ဟု ဘိုကလေးမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းများအသင်း စိုက်ပျိုးရေးတာဝန်ခံ ဦးတင်ဌေးလင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှိုများကို ကျေးရွာ ၁၃ ရွာမှ ဒေသခံများက အများဆုံး စိုက်ပျိုးကြကြောင်း၊ အဆိုပါ စိုက်ပျိုးထားသည့် စိုက်ပျိုးရေးကောက်ရိုးမှိုများသည် စတင်စိုက်ပျိုးသည့် အချိန်မှ ၁၅ ရက်အတွင်း တစ်ကြိမ်ပြန်လည်ခူးဆွတ်ရောင်းချနိုင်သည့်အမျိုးအစားဖြစ်ကြောင်း၊ အဆိုပါကောက်ရိုးမှို ၁၅ ပေ တစ်ပေါင်လျှင် အထွေထွေ ကုန်ကျစရိတ် ငွေကျပ် ၅၅၀၀၀ ထိ ကုန်ကျကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

## ယခုနှစ်ပင်လယ်ရေလုပ်ငန်း ရာသီပိတ်သိမ်းချိန်နီးကပ်လာ၍ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသထွက် မျှင်ငါးပိ ဈေးကွက်သွက်လက်လှုပ်ရှားနေ

ယခုနှစ် ပင်လယ်ရေလုပ်ငန်း ရာသီပိတ်သိမ်းချိန် နီးကပ်လာ၍ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေ ဒေသထွက် မျှင်ငါးပိများ ဈေးကွက်သွက်လက်လှုပ်ရှားနေကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ ငါးပိ၊ ငါးခြောက်ပွဲရုံ ဈေးကွက်သတင်းများအရ သိရသည်။

မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသ ပင်လယ်ရေလုပ်ငန်းများသည် နှစ်စဉ် စက်တင်ဘာလတွင် စတင်လုပ်ကိုင်ကာ မေလလယ်ခန့်တွင် ရပ်နားလေ့ရှိကြောင်း မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေရှိ ပင်လယ်ရေလုပ်ငန်းများသည် မိုးသက်မုန်တိုင်းအန္တရာယ်များကို ရှောင်တိမ်းနိုင်ရန်နှင့် ပင်လယ်ရေလုပ်ငန်းသုံး ကိရိယာများကို ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ရန် မေလလယ်မှစ၍ စက်တင်ဘာလအထိ လုပ်ငန်းများရပ်နားထားလေ့ရှိကြောင်း၊ အဆိုပါကာလများတွင် ရေထွက်ကုန်ပစ္စည်းထွက်ရှိမှု မရှိသလောက်နည်းပါးသွားလေ့ရှိသဖြင့် ဈေးကွက်တွင် ကုန်ပစ္စည်းများ နည်းပါးလျက်ရှိကာ ရေထွက်ကုန်ပစ္စည်းဈေးနှုန်းများမြင့်တက်လေ့ရှိကြောင်း သိရသည်။

ထို့ကြောင့် မျှင်ငါးပိကုန်သည်များသည် ပင်လယ်ရေလုပ်ငန်းများ ရပ်နားချိန် နီးကပ်လာချိန်တွင် မျှင်ငါးပိများကို ဝယ်ယူသိုလှောင်ကာ ဈေးနှုန်းမြင့်မားသည့် မိုးရာသီကာလများတွင် ပြန်လည်ရောင်းချကြကြောင်း၊ ယခုအခါ ဖျာပုံမြို့နယ် ဘိုကလေးမြို့နယ်၊ လပွတ္တာမြို့နယ်၊ ငပုတောမြို့နယ်၊ ပုသိမ်မြို့နယ်နှင့် ပြင်စလူမြို့နယ် ပင်လယ်ကမ်းခြေဒေသများရှိ ပင်လယ်ရေလုပ်ငန်းဈေးကွက်များတွင် လှောင်လက်ကုန်သည်များက မျှင်ငါးပိများကို ဝယ်ယူသိုလှောင်နေကြပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် လက်ရှိတွင် အထက်အညာဒေသများမှ မျှင်ငါးပိကုန်သည်များကလည်း အဆိုပါဒေသများသို့ တိုက်ရိုက်ဆင်းဝယ်ယူမှု များပြားလျက်ရှိပြီး ရန်ကုန်မြို့ ဘုရင့်နောင် ငါးပိ၊ ငါးခြောက်ဈေးကွက်မှလည်း အော်ဒါ မှာယူမှု မြင့်တက်နေကြောင်း၊ ထို့ကြောင့် ယခုအခါ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများတွင် မျှင်ငါးပိ ဈေးကွက် သွက်လက်လှုပ်ရှားကာ ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း သိရသည်။

လက်ရှိ ပင်ရင်းဒေသများ၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက မျှင်ငါးပိ တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ သာပေါက်ဈေးရှိနေခဲ့သော်လည်း ယခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းတွင် မျှင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ထိ ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ ငါးပိ၊ ငါးခြောက်ပွဲရုံ ဈေးကွက်သတင်းများအရ သိရသည်။

Source: ရတနာပုံသတင်းစာ

# နိုင်ငံတကာဈေးကွက်

## ဖိလစ်ပိုင်နိုင်ငံသို့ ထိုင်းနိုင်ငံဆန်တင်ပို့မှု နှစ်ဆ မြင့်တက်လာဖွယ်ရှိ

ပြိုင်ဘက် ဗီယက်နမ်ရဲ့ ဆန်တင်ပို့နိုင်စွမ်း ကျဆင်းလာတာကြောင့် ယခုနှစ်မှာ ဖိလစ်ပိုင်ဈေးကွက်ကို ထိုင်းနိုင်ငံရဲ့ ဆန်တင်ပို့မှု နှစ်ဆအထိ မြင့်တက်လာနိုင်ကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းက ပြောပါ တယ်။

ဖိလစ်ပိုင်ဟာ ပြီးခဲ့တဲ့နှစ်တုန်းက ဆန်တန်ချိန် ၃ ဒသမ ၇ သန်း တင်သွင်းပြီး ကမ္ဘာမှာ ဆန်တင်သွင်းမှု ဒုတိယအများဆုံးအဖြစ် ရပ်တည်ခဲ့ပါတယ်။ ယခု ၂၀၂၃ မှာလည်း တင်သွင်းပမာဏဟာ အရင်နှစ်နဲ့ မတိမ်းမယိမ်း ရှိနိုင်ပါတယ်။ ကုန်ဈေးနှုန်းမြင့်တက်မှုနဲ့ စားသောက်ကုန်ပြတ်လပ်မှု ကြုံတွေ့နေရတဲ့ဖိလစ်ပိုင်ဟာ ဆန်တန်ချိန် ၁၂ ဒသမ ၄ သန်း ထုတ်လုပ်နိုင်ဖွယ်ရှိပြီး နိုင်ငံရဲ့ဆန်လိုအပ်ချက်ကတော့ တန်ချိန် ၁၅ ဒသမ ၈ သန်းအထိ ရှိနိုင်ကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထုတ်ပြန်ထားပါတယ်။

ပြီးခဲ့တဲ့နှစ်မှာ ဖိလစ်ပိုင်တင်သွင်းခဲ့တဲ့ဆန် စုစုပေါင်းအနက် ၉၀ ရာခိုင်နှုန်းဟာ ဗီယက်နမ်ဆီကဖြစ်ပြီး ကျန်ပမာဏကိုတော့ ထိုင်းနိုင်ငံဆီက ဝယ်ယူခဲ့တာဖြစ်ပါတယ်။ ဗီယက်နမ်ဟာ ထိုင်းထက် ဆန်ဈေး ပိုသက်သာသလို ဖိလစ်ပိုင်နဲ့ ဆက်ဆံရေးပိုကောင်းတာကြောင့် ဖိလစ်ပိုင်ဆီ ဆန်တင်ပို့မှုအများဆုံးအဖြစ် နှစ်များစွာရပ်တည်လာခဲ့ပါတယ်။ "ယခုနှစ်မှာတော့ ဗီယက်နမ်ရဲ့ဆန်ထုတ်လုပ်မှု နည်းလာနိုင်တာကြောင့် ဖိလစ်ပိုင်အနေနဲ့ ထိုင်းဆန်ကို တိုးမြှင့်ဝယ်ယူလာဖို့ရှိတယ်" ဆိုပြီး ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းရဲ့ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswong က ပြောပါတယ်။

ဗီယက်နမ်မှာ ၂၀၂၂-၂၃ ရာသီအတွင်း ဆန်စပါးစိုက်ပျိုးဧရိယာ သုံးရာခိုင်နှုန်း ကျဆင်းခဲ့တာကြောင့် ဆန်ထုတ်လုပ်မှု နှစ်အလိုက် တစ်ရာခိုင်နှုန်း လျော့ကျပြီး တန်ချိန် ၂၇ သန်းသာ ရှိနိုင်ပါတယ်။ ယခုနှစ် ဗီယက်နမ် ဆန်စားသုံးမှုကတော့ အရင်နှစ်ကအတိုင်း တန်ချိန် ၂၁ ဒသမ ၅ သန်း ရှိနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒါကြောင့် ၂၀၂၃ ခုနှစ် ဆန်တင်ပို့နိုင်မှုပမာဏ တန်ချိန် ၆ သန်းသာ ရှိနိုင်ပြီး ၂၀၂၂ ခုနှစ်က တင်ပို့အား တန်ချိန် ၇ ဒသမ ၁ သန်းထက် လျော့နည်းလာပါတယ်။

နောက်ထပ်ပြဿနာတစ်ခုကတော့ စပါးကို ရေသွင်းစိုက်ပျိုးနိုင်မှုနည်းတဲ့ ကမ္ဘောဒီးယားနိုင်ငံမှာ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းကစပြီး မိုးခေါင်နေတဲ့အချက်ဖြစ်ပါတယ်။ "ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်း ဗီယက်နမ်ဆီမှာ ဆန်ရောင်းအား တည်တည်ငြိမ်ငြိမ် ရှိနေခဲ့တာက ကမ္ဘောဒီးယားဆီကနေ နှစ်စဉ် ဆန်တန်ချိန် တစ်သန်း လောက်မှောင်ခိုဝင်နေခဲ့လို့ ဖြစ်ပါတယ်။ ဒါကြောင့် ဗီယက်နမ်ဟာ တစ်နှစ်ကို ဆန်တန်ချိန် ခုနစ်သန်း၊ ရှစ်သန်းလောက် ပြည်ပတင်ပို့နိုင်တာပါ" လို့ Chookiat က ပြောပါတယ်။ "ဒါပေမယ့် ဒီနှစ်မှာတော့ ကမ္ဘောဒီးယားဆီက ဆန်တွေဝင်လာပြီး ဗီယက်နမ်ပို့ကုန်ကို အထောက်အပံ့ပြုနိုင်ဖွယ်မရှိပါဘူး" လို့ ၎င်းက ဆက်ပြောပါတယ်။

ဗီယက်နမ်မှာ ဆန်ရောင်းအား နည်းနေတဲ့အတွက် ယခုနှစ် ဇန်နဝါရီလအတွင်း တန်ချိန် လေးသိန်းသာ တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ၂၀ ဒသမ ၉ ရာခိုင်နှုန်း နိမ့်ကျခဲ့တယ်လို့ ဗီယက်နမ်စိုက်ပျိုးရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရပါတယ်။

ထိုင်းနိုင်ငံမှာတော့ ဆည်တွေမှာ ရေပြည့်လျှံနေပြီး နွေစပါးစိုက်ပျိုးရေးအဆင်ပြေနိုင်တာကြောင့် ယခုနှစ် ဆန်စပါးအထွက်ကောင်းနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ထိုင်းဟာ ၂၀၂၂-၂၃ ရာသီမှာ ဆန်တန်ချိန် ၂၀ ဒသမ ၂ သန်း ဝန်းကျင်ထုတ်လုပ်နိုင်မယ်လို့ခန့်မှန်းရာ ယခင်ရာသီရဲ့ အထွက်တန်ချိန် ၁၉ သန်းထက် ပိုများလာမှာဖြစ်ပါတယ်။ ပြည်တွင်းဆန်စားသုံးအားက တန်ချိန် ၁၂ သန်းရှိပြီး ကျန်ပမာဏကို ပြည်ပတင်ပို့နိုင်မှာ ဖြစ်ပါတယ်။

ဖိလစ်ပိုင်ဟာ ယခုနှစ် ဒုတိယသုံးလပတ် (ဧပြီ-မေ-ဇွန်) အတွင်း ဆန်ဝယ်ယူရရှိရေး ထိုင်းပို့ကုန်လုပ်ငန်းရှင်တွေဆီလာရောက်ဆက်သွယ်ထားနှင့်ကြပြီဖြစ်ကြောင်း ထိုင်းဆန်လုပ်ငန်းရှင်တွေက ပြောထားပါတယ်။ ဖိလစ်ပိုင်အစိုးရဟာ ၁၄ နှစ်အတွင်း အမြင့်ဆုံးထိ တက်လာတဲ့အခြေခံစားသောက်ကုန်ဈေးတွေကို ထိန်းချုပ်ဖို့ ကြိုးစားလျက်ရှိချိန် ဖိလစ်ပိုင်ဝယ်လက်တွေက ထိုင်းဆန်ကို ပြောင်းလဲဝယ်ယူဖို့ လုပ်လာကြတာပါ။ ဖိလစ်ပိုင်ကုန်ဈေးနှုန်းတွေဟာ ဇန်နဝါရီလအတွင်းမှာ ၂၀၀၈ နိုဝင်ဘာနောက်ပိုင်း အမြင့်ဆုံးစံချိန်အဖြစ် ၈ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ ဖိလစ်ပိုင်သမ္မတ မားကို့စ်ဂျူနီယာက သကြား၊ ကြက်သွန်တို့လို ပြည်တွင်းမှာ ပြတ်လပ်နေတဲ့ စားသောက်ကုန်စည်တွေ တိုးမြှင့်တင်ပို့ခွင့်ပြုဖို့ သဘောတူညီထားပါတယ်။ "ဖိလစ်ပိုင်မှာ ဖြစ်ပေါ်နေတဲ့အခြေအနေအရ ပြည်တွင်းလိုအပ်ချက် ဖြည့်တင်းရေးနဲ့ ကုန်စည်ဈေးထိန်းချုပ်ရေးအတွက် ထိုင်းဆီက ဆန်ကိုဝယ်ယူဖို့ ဖြစ်လာတာပါ" လို့ ထိုင်းနိုင်ငံက ဆန်ကုန်သည် တစ်ယောက်က ပြောပါတယ်။ ဖိလစ်ပိုင်ဆီ မြင့်တက်လာမယ့်ဝယ်လိုအားကြောင့် ထိုင်းဟာ ၂၀၂၃ အတွင်း ဖိလစ်ပိုင်ထံ ဆန်တန်ချိန် သုံးသိန်းအထိ တင်ပို့နိုင်ဖွယ်ရှိပြီး အရင်နှစ်က တင်ပို့ခဲ့တဲ့ပမာဏထက် နှစ်ဆနီးပါး မြင့်တက်လာမှာ ဖြစ်ပါတယ်။

အခုလို ဖိလစ်ပိုင်ဘက်က တက်လာမယ့် ဝယ်လိုအားသစ်နဲ့ အရှေ့အလယ်ပိုင်းနိုင်ငံတွေဆီက မှာယူနေကျ အော်ဒါတွေရှိနေပေမယ့် ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းကတော့ ၂၀၂၃ ခုနှစ်အတွင်း စုစုပေါင်း ထိုင်းဆန်တင်ပို့ပမာဏကို အရင်နှစ်ကအတိုင်း မပြောင်းလဲဘဲ တန်ချိန် ၇ ဒသမ ၅ သန်း ရှိနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ "ဒါက သမားရိုးကျမှန်းခြေတစ်ခုပါ။ တကယ်တော့ ကျွန်တော်တို့မှာ တင်ပို့စရာ ဆန်တန်ချိန် ၈ ဒသမ ၂ သန်းလောက် ကျန်နေပါတယ်။ ထိုင်းက တစ်နှစ်ပတ်လုံး ဆန်စပါး စိုက်နိုင်တာဆိုတော့" လို့ Chookiat က ပြောပါ တယ်။

ဆန်အသင်းအနေနဲ့ အခြေအနေကို အနီးကပ်စောင့်ကြည့်နေပြီး ဆန်ထုတ်လုပ်မှုမြင့်တက်နိုင်ခြေ ဒါမှမဟုတ် ဝယ်လိုအားအသစ်တွေရှိလာမယ်ဆိုရင် ၂၀၂၃ ခုနှစ် ဆန်တင်ပို့ပမာဏခန့်မှန်းချက်ကို ပြင်ဆင်တိုးမြှင့်သွားမှာဖြစ်ကြောင်း ၎င်းက ပြောပါတယ်။ Source: [https://greenwaymyanmar.com/posts/double_rice_export_to_phillipines](https://greenwaymyanmar.com/posts/double_rice_export_to_phillipines)

## အိန္ဒိယနိုင်ငံတွင် အပူချိန်မြင့်တက်လာမှုကြောင့် ဂျုံစိုက်ခင်းများအပေါ် ဆိုးကျိုးသက်ရောက်မှုကို အကဲဖြတ်ရန်စီစဉ်

အိန္ဒိယနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် အပူချိန်မြင့်မားနေခြင်းနှင့်ပတ်သက်ပြီး အပူချိန်မြင့်တက်လာမှုကြောင့် ဂျုံစိုက်ခင်းများအပေါ် ဆိုးကျိုးများသက်ရောက်လာမှုကို အကဲဖြတ်ရန် အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းက စီစဉ်နေကြောင်း TOE သတင်းဌာနက ဖေဖော်ဝါရီလ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အပူချိန်မြင့်တက်မှုသည် သာမန်ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ထက်မြင့်မားနေပြီး အပူချိန်မြင့်တက်မှုကြောင့် ဂျုံစိုက်ခင်းများ အထွက်နှုန်းလျော့ကျလာသည့်အတွက် အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းက စောင့်ကြည့်အကဲဖြတ်သည့်အစီအစဉ်ထူထောင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အတည်ပြုခဲ့သည်။ "ရာသီဥတုဖောက်ပြန်မှုကြောင့် ဂျုံသီးနှံအပေါ် ရိုက်ခတ်မှုတွေဖြစ်ပေါ်လာနိုင်ခဲ့အတွက် အစိုးရက အပူချိန်မြင့်တက်မှု ကြောင့် ဂျုံသီးနှံထွက်ရှိမှုကို စောင့်ကြည့်အကဲဖြတ်ဖို့ အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းသွားဖို့ ပြင်ဆင်နေပါတယ်။ လောလောဆယ် ဂျုံတွေက အခြေအနေကောင်းနေဆဲဖြစ်ပါတယ်"ဟု အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ဇန်နဝါရီလနောက်ဆုံးပတ်ထိ ကမ္ဘာ့နိုင်ငံများအနက် ဂျုံထွက်ရှိမှု ဒုတိယအမြင့်မားဆုံးသော နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း အပူချိန်မြင့်တက်မှုကြောင့် ဂျုံထွက်ရှိမှုသိသိသာသာ လျော့ကျလာနိုင်သည့်အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း အိန္ဒိယနိုင်ငံ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက မတ်လအလယ်ပိုင်းတွင် အပူချိန်စံချိန်တင် မြင့်တက်လာဖွယ်ရှိနေသည့်အတွက် ဂျုံစိုက်ခင်းများအပေါ် သိသာသည့်ဆိုးကျိုးများဖြစ်ပေါ်လာစေနိုင်ခြင်းကြောင့် ပြည်ပသို့ ဂျုံတင်ပို့နိုင်မှုလျော့ကျလာဖွယ်ရှိနေသည်ဟု အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

Source: ရတနာပုံသတင်းစာ

## အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့မှု ပိတ်ပင်ကန့်သတ်ချက်များ ဆက်ထားဦးမည်ဟု ဆို

ကမ္ဘာ့ဆန်တင်ပို့မှုထိပ်သီး အိန္ဒိယဟာ ပြည်တွင်းဆန်ဈေး တည်ငြိမ်အောင် ဆက်လက်ထိန်းသိမ်း လိုတာကြောင့် ဆန်ကွဲတင်ပို့မှု ပိတ်ပင်ထားတာနဲ့ ဆန်ဖြူတင်ပို့မှုအပေါ် အခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ထားတာတွေကို ပြင်ဆင်ပေးဖို့ အစီအစဉ်မရှိသေးဘူးလို့ အစိုးရသတင်းရင်းမြစ်နှစ်ခုက ဆိုပါတယ်။

အိန္ဒိယရဲ့ ဆန်တင်ပို့မှုပိတ်ပင်ကန့်သတ်ချက်တွေကြောင့် အာရှနဲ့ အာဖရိကဘက်က ဝယ်လက်တွေ အတွက် ဆန်ဈေးပိုကြီးသွားစေပါတယ်။ ကမ္ဘာ့ဆန်ဈေးဟာလည်း ပြီးခဲ့တဲ့ သီတင်းပတ်တွေမှာ ဆက်တိုက်ဆို သလို တက်နေခဲ့တာဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံဟာ မိုးမကောင်းလို့ အဓိကစပါးဒေသကြီးတွေမှာ ထွက်နှုန်းကျမှာ စိုးရိမ်ကာ ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ဆန်ကွဲတင်ပို့မှုကို ပိတ်ပင်ခဲ့ပြီး အခြားဆန်အမျိုးအစားတွေ တင်ပို့မှုအပေါ် အခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ခဲ့ပါတယ်။

"အခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်တာတောင် ဆန်တင်ပို့မှုက နှေးကွေးမသွားခဲ့ဘူး။ ဒီတော့ ပို့ကုန်ခွန်ကို လျှော့ချပေးစရာ၊ ဖယ်ရှားပေးစရာအကြောင်းမရှိဘူးလို့ ထင်တယ်" လို့ အမည်ထုတ်ပြောခြင်းမရှိတဲ့ အစိုးရအကြီးတန်းအရာရှိတစ်ယောက်က ပြောပါတယ်။

အိန္ဒိယဆန်တင်ပို့မှုဟာ ၂၀၂၂ ခုနှစ်အတွင်း နှစ်အလိုက် ၃ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး စံချိန်တင်ပမာဏအဖြစ် တန်ချိန် ၂၂ ဒသမ ၂၆ သန်းအထိ ရောက်ရှိခဲ့ပါတယ်။ ဒီပမာဏဟာ အိန္ဒိယပြီးရင် ဆန်တင်ပို့မှုအများဆုံးဖြစ်ကြတဲ့ ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်၊ အမေရိကန်ပြည်ထောင်စုတို့ လေးနိုင်ငံပေါင်း တင်ပို့မှုထက်တောင် ပိုများနေပါတယ်။

"တရုတ်နဲ့ တခြားနိုင်ငံတွေက ဆန်ကွဲကို အီသနော ဒါမှမဟုတ် မွေးမြူရေးအစာကုန်ကြမ်းအဖြစ် အသုံးပြုလိုနေတာ သက်သက်အတွက်တော့ ဆန်ကွဲတင်ပို့မှုကို ပြန်လည်ခွင့်ပြုမပေးနိုင်ပါဘူး။ ပြည်တွင်း ဈေးကွက်က သုံးတာမျိုးပဲ ပိုလိုလားပါတယ်" လို့ ၎င်းအရာရှိက ပြောပါတယ်။ တရုတ်နိုင်ငံဟာ အိန္ဒိယဆန်ကွဲ ဝယ်ယူမှုအများဆုံးဖြစ်ပြီး ၂၀၂၁ ခုနှစ်တုန်းက တန်ချိန် ၁ ဒသမ ၁ သန်းအထိ ဝယ်ယူခဲ့ပါတယ်။

အိန္ဒိယဟာ ဒီနှစ်မှာလည်း အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မိုးရေချိန် နိမ့်ကျမှာကို စိုးရိမ်ပြီး ဆန်တင်ပို့မှုကို ဆက်လက်ကန့်သတ်သွားဦးမှာ ဖြစ်ပါတယ်။ "ကျွန်တော်တို့ အရဲမစွန့်ရဲသေးပါဘူး။ ဆန်ပိုပိုလျှံလျှံ ရှိနေပေမယ့် ဂျုံပမာဏက အကန့်အသတ်နဲ့သာ ရှိပါတယ်။ တကယ်လို့ ရာသီဥတု ဖောက်ခဲ့ရင် ပိုလျှံဆန်ကို အသုံးပြုသွားရမှာပါ" လို့ ၎င်းက ပြောပါတယ်။

အိန္ဒိယလယ်သမားတွေဟာ ရေသုံးစွဲမှုများတဲ့ စပါးကို မုတ်သုံရာသီဖြစ်တဲ့ ဇွန်နဲ့ ဇူလိုင်လတွေမှာ စိုက်ပျိုးလေ့ရှိကြပါတယ်။ "ကျွန်တော်တို့ ပိတ်ပင်ကန့်သတ်မှုတွေကြောင့် ကမ္ဘာ့ဈေးကွက်မှာ ဆန်ပြတ်တောက်သွားတာမျိုး မဖြစ်စေပါဘူး။ တစ်ချိန်တည်းမှာ ကျွန်တော်တို့မှာလည်း အရန်ဆန် ပိုပိုလျှံလျှံ သိုမှီးထားရှိနိုင်စေတယ်။ ဒါကြောင့် အခုအစီအမံအတိုင်း ဆက်သွားဖို့ရှိပါတယ်" လို့ မူဝါဒရေးရာဆုံးဖြတ်ရာမှာ တိုက်ရိုက်ပါဝင်ပတ်သက်နေတဲ့ နောက်ထပ်အစိုးရသတင်းရင်း မြစ်တစ်ခုက ပြောပါတယ်။ Ref: India to extend rice export curbs to ensure domestic price stability, supply - govt sources

https://greenwaymyanmar.com/posts/Indian_Rice_export_curbs

## ဗီယက်နမ်နိုင်ငံမှ နဂါးမောက်သီး တစ်နှစ်ပတ်လုံးသီးအောင် မီးထွန်းစိုက်ပျိုး၍ ပြည်ပတင်ပို့

Nguyen Quoc Duan သည် ဗီယက်နမ်နိုင်ငံ နဂါးမောက်သီး စိုက်ပျိုးတင်ပို့ရောင်းချသည့် ကုမ္ပဏီ Song Nam ITD Co., Ltd. မှ General Director တစ်ဦး ဖြစ်သည်။ အဆိုပါကုမ္ပဏီသည် ဟိုချီမင်းမြို့အခြေစိုက်ထားပါသည်။ စိုက်ခင်းများမှာ Binh Thuan ဒေသမှာ တည်ရှိပါသည်။ Binh Thuan ဒေသတွင် နဂါးမောက် အကြီးအကျယ်စိုက်ပျိုးကြပါသည်။ စိုက်ခင်းဧရိယာ စုစုပေါင်း ဟက်တာ ၅ သောင်းကျော် ရှိပါသည်။

Mr Duan က နဂါးမောက်စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍအကြောင်း ပြောပြပါသည်။ "အရင်တုန်းက နဂါးမောက်သီးတွေကို တစ်နှစ်တစ်ကြိမ်သာ ဆွတ်ခူးပါတယ်။ နွေရာသီမှ အသီးပေါ်ပါတယ်။ အခုအခါ နဂါးမောက်ကို ညဘက်မှာ မီးထွန်းပေး

ထားကြပါတယ်။ အဲဒါကြောင့် နဂါးမောက် တစ်နှစ်ပတ်လုံး သီးပါတယ်။ စဉ်ဆက်မပြတ် ဈေးကွက်ထဲ ပေးပို့နိုင်စေတာကြောင့် ဈေးကွက်ဝေစု တိုးချဲ့ဖို့ လွယ်ကူသွားစေပါတယ်။ ပြည်ပတင်ပို့ဖို့ အတွက်လည်း ရာသီမရွေး တင်ပို့ပေးနိုင်စေပါတယ်"

Mr Duan သည် နဂါးမောက် စိုက်ခင်း စိုက်ပျိုးသည့် မိသားစုမှ မွေးဖွားကြီးပြင်းခဲ့သူ ဖြစ်သဖြင့် ငယ်စဉ်ကတည်းက နဂါးမောက်ကို အကျွမ်းတဝင် သိခဲ့သည်။ အပင်စိုက်ပျိုးသည်မှအစ ဆွတ်ခူးခြင်း၊ ထုပ်ပိုးခြင်း၊ ပြည်တွင်းပြည်ပဈေးကွက်များသို့ တင်ပို့သည်အထိ အစစအရာရာ အကုန်သိထားသူ ဖြစ်သည်။

Song Nam ITD ကုမ္ပဏီသည် ဗီယက်နမ်နဂါးမောက်သီးအတွက် နိုင်ငံတကာဈေးကွက်ကို ဈေးဦးဖောက်ပေးသည့် ပထမဆုံးသော ကုမ္ပဏီများထဲမှ တစ်ခုဖြစ်သည်။ "အမေရိကန်၊ ဒူဘိုင်း၊ ဩစတြေးလျနဲ့ အိန္ဒိယတို့လို နိုင်ငံတွေကို နဂါးမောက်သီးတင်ပို့မှုကနေ စတင်ခဲ့တာပါ။ လက်ရှိတွင် အမေရိကန်နှင့် အိန္ဒိယတို့က ကျွန်တော်တို့ရဲ့ အဓိကပို့ကုန်များဖြစ်ပါတယ်။ "အစပိုင်းမှာ အိန္ဒိယကို ရာသီချိန်မှာ ကွန်တိန်နာ အနည်းအကျဉ်း တင်ပို့ခဲ့ပါတယ်။ အချိန်ကြာလာတာနှင့်အမျှ ကျွန်တော်တို့ အိန္ဒိယဈေးကွက်ကို ဆက်တိုက်ဖွံ့ဖြိုး တိုးမြှင့်လာခဲ့ပြီး ယခုအခါ အိန္ဒိယက ဗီယက်နမ် နဂါးမောက်သီး အများဆုံး တင်သွင်းသူ ဖြစ်လာပါတယ်။

"တရုတ်နိုင်ငံကလည်း ဗီယက်နမ် နဂါးမောက်သီးအတွက် အဓိကဈေးကွက် ဖြစ်ပါတယ်။ ကိုဗစ် မတိုင်ခင်ကဆိုရင် တစ်ရက်ကို ဗီယက်နမ်ကနေ နဂါးမောက်သီးတွေ ကွန်တိန်နာအလုံးရေ တစ်ရာကျော် တရုတ်ပြည်ကို တင်ပို့ခဲ့ပါတယ်။ "အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှာလည်း ပြည်တွင်း နဂါးမောက်သီး စိုက်ပျိုးကြပါတယ်။ ဒါပေမဲ့ ဖန်လုံအိမ်ထဲ စိုက်ပျိုးကြရလို့ စိုက်ပျိုးစရိတ် ကြီးမားပါတယ်" "ကျွန်တော်တို့ ကုမ္ပဏီမှာ ကုမ္ပဏီပိုင်စိုက်ခင်းတွေရှိပါတယ်။ ကိုယ့်စိုက်ခင်းက ထွက်တဲ့အသီးတွေ ပြည်ပတင်ပို့ပါတယ်။ အခြားသူတွေဆီမှလည်း လိုအပ်ရင်ဝယ်ပြီး တင်ပို့ပါတယ်။ တခြား အသီးတွေလည်း ဝယ်ယူပြီး တင်ပို့ပါတယ်။ "ကျွန်တော်တို့ရဲ့ ဖောက်သည်တွေက တခြားသစ်သီးဝလံ ဗီယက်နမ်မှ ရနိုင်မလား မေးကြတယ်။ ပင်မှည့်သီး ရမလားမေးတယ်။ ဒီတော့ ကျွန်တော်တို့ဝယ်ပြီးပို့ပေးတယ်။ "အမေရိကန်ကို ပို့မယ့်အသီးတွေ အရင်ဓာတ်ကင်ပြီးမှ ပို့ရပါတယ်။ ဥရောပကတော့ မလိုဘူး။ ဒါပေမယ့် စမ်းသပ်စစ်ဆေးမှုတွေ ခံယူပြီးမှ ဥရောပကို ပေးပို့ပါတယ်။ "ကျွန်တော့်အမြင်အရတော့ ဗီယက်နမ်က အသီးအနှံတွေက ဥရောပဈေးကွက်မှာ အခွင့်အလမ်းရှိတယ်။ ဖေဖော်ဝါရီလက ဥရောပမှ လက်ကားဈေးတွေကို သွားလေ့လာခဲ့ပါတယ်။ ဗီယက်နမ်က အပူပိုင်းဒေသ အသီးအနှံလေးတွေ အတော်နည်းနေတာတွေ့ရတယ်”

Source: https://www.industrialdirectory.com.mm/article/year-round-dragon-fruit-from-vietnam.html

## ကော်ဖီအထွက်နှုန်းကျဆင်းနေမှုကို သက်သာစေနိုင်မဲ့ ရာသီဥတုဒဏ်ခံကော်ဖီမျိုးသစ်

ကော်ဖီဟာ ကမ္ဘာပေါ်မှာ ရေပန်းအစားဆုံး အဖျော်ယမကာတွေထဲက တစ်ခုဖြစ်ပြီး ကမ္ဘာတဝန်းမှာ နေ့စဉ် ကော်ဖီခွက်ရေ ၂ ဘီလီယံကျော် သောက်သုံးနေကြတယ်လို့ ဆိုပါတယ်။ လက်ရှိမှာတော့ စိုက်ပျိုးထားတဲ့ ကော်ဖီပင်တွေ သာမက ကော်ဖီအရိုင်းပင်တွေမှာပါ အမျိုးမျိုးသော ခြိမ်းခြောက်မှုတွေနဲ့ ရင်ဆိုင်နေရပြီး အထူးသဖြင့် ရာသီဥတုပြောင်းလဲလာမှုဟာ သက်ရောက်မှု မြင့်မားနေတာ ဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ကော်ဖီအထွက်နှုန်းဟာ လာမဲ့ဆယ်စုနှစ်အတွင်းမှာ ၅၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်တယ်လို့ ကျွမ်းကျင်သူတွေက သတိပေးထားတာ ဖြစ်ပါတယ်။

ယူဂန္ဒာနိုင်ငံနဲ့ ဗြိတိန်နိုင်ငံတို့မှ သိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့ရဲ့ အဆိုအရ အပူချိန်ပူနွေးလာမှုနဲ့ ကြိုတင်ခန့်မှန်းမရနိုင်တဲ့ မိုးရွာသွန်းမှုတွေကြောင့် ကော်ဖီစိုက်တောင်သူတွေအနေနဲ့ စိုက်ပျိုးတဲ့နည်းလမ်းကို ပြောင်းလဲခြင်းဟာ ဖြေရှင်းချက်တစ်ခု ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။

လက်ရှိမှာတော့ ကမ္ဘာလုံးဆိုင်ရာ ကော်ဖီလိုအပ်ချက်ဟာ အရသာပိုမိုကောင်းမွန်ပြီး ထုတ်လုပ်မှုရဲ့ ၅၅ ရာခိုင်နှုန်းခန့် ရှိနေတဲ့ Arabica (Coffea arabica) အမျိုးအစားနဲ့ ကျန်အများစုအတွက်ကတော့ Robusta လို့ခေါ်တဲ့ ကော်ဖီအမျိုးအစားအပေါ်မှာ မှီခိုနေရတာလည်း ဖြစ်ပါတယ်။

သို့သော်လည်း ထိုကဲ့သို့မှီခိုနေရခြင်းဟာ ကမ္ဘာလုံးဆိုင်ရာကော်ဖီထောက်ပံ့မှုအတွက် ခြိမ်းခြောက်မှု တစ်ရပ်ဖြစ်လာနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ Arabica ကော်ဖီမျိုးတွေဟာ ရာသီဥတုပြောင်းလဲမှုတွေကို ခံနိုင်ရည်နည်းပြီး ထိခိုက်ပျက်စီးနိုင်တာကြောင့်ဖြစ်ပါတယ်။

“၂၀၂၁ နဲ့ ၂၀၂၂ ခုနှစ်မှာ အဆိုပါ ကော်ဖီအမျိုးအစား ၂ ခုရဲ့ ကမ္ဘာလုံးဆိုင်ရာ လက်ကျန်တွေ ပြတ်လပ်မှုကြောင့် ကော်ဖီဈေးနှုန်းတွေ သိသိသာသာ မြင့်တက်လာခဲ့ပြီး Arabica ကော်ဖီဟာ ကာလတိုအတွင်းမှာကိုပဲ ကုန်ဈေးနှုန်းတွေ ၂ ဆတိုးလာပါတယ်” ဟု သိပ္ပံပညာရှင်တွေက လေ့လာမှုတစ်ခုမှာ မှတ်ချက်ပြုပါတယ်။

အဆိုပါအခြေအနေရဲ့ အဓိကတရားခံကတော့ ဘရာဇီးကဲ့သို့ ကော်ဖီအဓိကစိုက်ပျိုးထုတ်လုပ်တဲ့ နိုင်ငံတွေမှာ မိုးခေါင်ရေရှားမှုဖြစ်ပြီး အခြားသော ရာသီဥတုဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့်ပဲဖြစ်ပါတယ်။ ဒီလို ရာသီဥတုဖောက်ပြန်ခြင်းဟာ

ဈေးကွက်ပေါက်ဈေးအပေါ် သွားဆက်စပ်မှုရှိနေသလို ပတ်ဝန်းကျင်ရာသီဥတုဆိုင်ရာ ဖိအားတွေကြောင့် ကော်ဖီပင်တွေဟာ ခံနိုင်ရည်နည်းပါးလာတယ်လို့လည်း ကျွမ်းကျင်ပညာရှင်တွေက ထပ်လောင်းပြောကြားခဲ့ပါတယ်။ ရာသီဥတုနဲ့ ဆက်နွှယ်နေတဲ့ ဖိစီးမှုတွေကို တိုက်ဖျက်ပြီး သီးနှံတွေရဲ့ အင်အားခိုင်ခံ့စေဖို့အတွက် ကော်ဖီစိုက်ပျိုးတဲ့ တောင်သူတွေအနေနဲ့ အဓိကရွေးချယ်စရာ ၃ ခု ရှိတယ်လို့ သိပ္ပံပညာရှင်တွေက ဆိုပါတယ်။ ၎င်း ၃ ခု ကတော့ တောင်သူတွေအနေနဲ့ ပိုမိုသင့်တော်တဲ့နေရာတွေကို ရွှေ့ပြောင်းနိုင်ခြင်း၊ အပင်တွေကို စိုက်ပျိုးပုံ နည်းစနစ် ပြောင်းလဲနိုင်ခြင်းနဲ့ လက်ရှိစိုက်ပျိုးနေတဲ့ Arabica ကော်ဖီတွေရဲ့ နေရာမှာ ပိုမိုခံနိုင်ရည်ရှိတဲ့ ကော်ဖီမျိုးဖြစ်တဲ့ Liberica အမျိုးအစားကို ပြောင်းလဲစိုက်ပျိုးနိုင်ခြင်းတို့ပဲ ဖြစ်ပါတယ်။

တတိယရွေးချယ်မှုဖြစ်တဲ့ ကော်ဖီမျိုး ပြောင်းလဲစိုက်ပျိုးခြင်းဟာ ကော်ဖီစိုက်ပျိုးသူအများစုအတွက် ဖြစ်နိုင်ချေအရှိဆုံး ရွေးချယ်မှုဖြစ်ပေမဲ့လည်း အာဖရိကအနောက်ပိုင်းနဲ့ အလယ်ပိုင်းကနေ အစပြုတဲ့ liberica ကော်ဖီဟာ လက်ရှိစီးပွားဖြစ် စိုက်ပျိုးတဲ့ကော်ဖီတွေထဲမှာ ၂ ရာခိုင်နှုန်း အောက်သာရှိနေသေးတာလည်း ဖြစ်ပါတယ်။

Liberica ကော်ဖီမျိုးကွဲဟာ ကမ္ဘာတစ်ဝန်းရှိ မည်သည့်နေရာမှာမဆို ပြောင်းလဲနေတဲ့ ရာသီဥတု အခြေအနေတွေကို ပိုမိုခံနိုင်ရည်ရှိကြောင်း သက်သေပြခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းရဲ့ အခြားအကျိုးကျေးဇူးတစ်ခုကတော့ ကော်ဖီသီးတွေဟာ ရင့်မှည့်ပြီးတဲ့နောက်မှာလည်း အပင်ပေါ်မှာ ကောင်းစွာဆက်လက်ရှိနေနိုင်သလို ခူးဆွတ်ရတာလည်း လွယ်ကူစေတယ်လို့ သိပ္ပံပညာရှင်တွေက ရှင်းပြပါတယ်။

Liberica ကော်ဖီရဲ့ အားနည်းချက်ကတော့ အသီးပေါ်မှာရှိတဲ့အခွံဟာ ပိုမိုမာကျောတဲ့ အခြေအနေ ရှိနေတာကြောင့် ကုန်ချောထုတ်လုပ်ဖို့ လုပ်ဆောင်ရာမှာ ခက်ခဲမှုရှိစေနိုင်တာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဒီကော်ဖီဟာ ရင့်မှည့်ပြီး နောက်ပိုင်းမှာလည်း အပင်ပေါ်မှာ ကောင်းစွာဆက်ရှိနေနိုင်တယ်ဆိုပေမဲ့ ခူးဆွတ်တာကိုတော့ မှည့်ပြီးတာနဲ့ မကြာခင်မှာ ပြုလုပ်သင့်တာဖြစ်ပါတယ်။ အကယ်လို့ မခူးဆွတ်ခဲ့ဘူးဆိုရင်တော့ အချဉ်ပေါက်လာနိုင်ပြီး ကော်ဖီရဲ့အရသာကိုပါ ထိခိုက်စေနိုင်တယ်လို့ သိပ္ပံပညာရှင်တွေက ထပ်လောင်း ပြောကြားခဲ့ပါတယ်။

ရာသီဥတုပြောင်းလဲလာမှုတွေကြောင့် Arabica ကော်ဖီတွေမှာ ထိခိုက်ဆုံးရှုံးမှုတွေတိုးလာပြီး ရာသီဥတုဒဏ်ကို ပိုမိုခံနိုင်ရည်ရှိစေမဲ့ Liberica ကော်ဖီမျိုးတွေကို ပြောင်းလဲအသုံးပြုခြင်းဟာ ကျွန်တော်တို့ရဲ့ နေ့စဉ်သောက်သုံးနေကြတဲ့ ကော်ဖီတွေကို ကယ်တင်နိုင်မဲ့ နည်းလမ်းကောင်းတစ်ခုလည်း ဖြစ်ပါတယ်။ Ref: https://bit.ly/3JbIB4t

Source: https://greenwaymyanmar.com/posts/Liberica_coffee

## ငှက်ပျောသီးတင်ပို့မှုတွင် ဂျပန်နိုင်ငံသို့ ဈေးကွက်ဝင်ခွင့် ပိုမိုရရှိရန် ဖိလစ်ပိုင် ဆောင်ရွက်မည်

ဖိလစ်ပိုင်နိုင်ငံမှ ဂျပန်နိုင်ငံသို့တင်ပို့သည့် ငှက်ပျောသီးများအတွက် ရာသီချိန်တွင် ကောက်ခံသည့်အခွန် (Seasonal Tariff) အား ဖယ်ရှားပေးရန်နှင့် တန်ဖိုးဖြည့်ခွန် (VAT) ပေးချေမှုအပေါ် ပြန်အမ်းငွေဆိုင်ရာကိစ္စရပ်များအား ဖြေရှင်းနိုင်ရေးတို့ကို ဂျပန်-ဖိလစ်ပိုင် စီးပွားရေးမိတ်ဖက်သဘောတူညီချက် (Japan-Philippines Economic Partnership Agreement-JPEPA) ပြန်လည်သုံးသပ်ခြင်းအစီအစဉ်တွင် ဖိလစ်ပိုင်နိုင်ငံက တိုက်တွန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

ဖိလစ်ပိုင်နိုင်ငံ၏ Cavendish အမျိုးအစား ငှက်ပျောသီးတင်ပို့မှုအတွက် ရာသီချိန်တွင် အခွန် ၁၈ ရာခိုင်နှုန်း ပေးဆောင်ရပြီး၊ ကုန်ကျစရိတ်ကြီးမြင့်မှုကြောင့် ဈေးကွက်တွင် ၎င်း၏အကြီးဆုံးယှဉ်ပြိုင်ဘက် အီကွေဒေါနိုင်ငံနှင့် ပီရူး၊ မက္ကဆီကို စသည့် နိုင်ငံများအား ဈေးကွက်ဝေစုဆုံးရှုံးလျက်ရှိကြောင်း၊ ရာသီချိန်ပြင်ပတွင် ကောက်ခံသည့် အခွန်နှုန်းထား (Offseason tariff) မှာ ၈ ရာခိုင်နှုန်းရှိကြောင်း၊ မက္ကဆီကိုနိုင်ငံအနေဖြင့်မူ ဂျပန်နိုင်ငံသို့ တစ်နှစ်ပတ်လုံး အခွန်သုညရာခိုင်နှုန်းဖြင့် တင်ပို့ခွင့်ရရှိနေကြောင်းသိရပါသည်။

၂၀၂၁ ခုနှစ်၊ ဂျပန်နိုင်ငံ၏ ငှက်ပျောသီးတင်သွင်းမှုတွင် ဖိလစ်ပိုင်နိုင်ငံသည် တန်ချိန် (၈၄၄) သန်းဖြင့် ဈေးကွက်ဝေစု ၇၆ ရာခိုင်နှုန်းရရှိခဲ့ကြောင်း၊ ယခင်နှစ်များတွင် ဖိလစ်ပိုင်နိုင်ငံ၏ ဈေးကွက်ဝေစုသည် အမြင့်ဆုံးအဖြစ် ၉၀ ရာခိုင်နှုန်းအထိ ရှိခဲ့ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၊ Mindanao ဒေသရှိ ငှက်ပျောသီးနှင့် နာနတ်သီး စိုက်ပျိုးသူများက ဂျပန်နိုင်ငံဈေးကွက် ပိုမိုရရှိရေးကို တောင်းဆိုလျက်ရှိကြကြောင်း သိရပါသည်။ ရင်းမြစ် - https://www.freshplaza.com/

Source: ကျော်စိန်ဝင်း (STP)

## အာရှဈေးကွက်အတွင်းသို့ တရုတ်နိုင်ငံ၏ ခါတ်ဆီနှင့် ဒီဇယ်ဆီ အဝင်နည်းမည်ခန့်မှန်း

ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးဖြစ်သည့် တရုတ်ပြည်တွင် ပြည်တွင်း၌ လောင်စာပိုမိုသုံးစွဲလာသောကြောင့် အာရှဈေးကွက်များသို့ တရုတ်ဒီဇယ်နှင့် ဓာတ်ဆီ ဝင်ရောက်လာမှုသည် မတ်လတွင် သိသိသာသာ နှေးကွေးနေသည်။

တရုတ်နိုင်ငံမှ ဓာတ်ဆီနှင့် ဒီဇယ်တင်ပို့မှုများ လျော့ကျသဖြင့် အာရှဈေးကွက်တွင် ရောင်းလိုအား လျော့ကျသွားမည်ဖြစ်ရာ ဈေးနှုန်းများမြင့်တက်နိုင်မည်လားဟု မေးခွန်းရှိနေသည်။ တရားဝင်အကောက်ခွန် အချက်အလက်များအရ တရုတ်

ဒီဇယ်နှင့် ဓာတ်ဆီ အာရှဈေးကွက်သို့ စီးဆင်းမှုသည် ယခုနှစ်ပထမနှစ်လ ဇန်နဝါရီနှင့် ဖေဖော်ဝါရီတို့တွင် မြင့်မားနေသေးကြောင်းတွေ့ရသည်။ တရုတ်အစိုးရမှချပေးသည့် ပို့ကုန်ခွဲတမ်းအသစ်ကို သက်တမ်းမကုန်ခင်အသုံးပြုရန်အတွက် လည်းကောင်း၊ အာရှတွင် ရောင်းချခြင်းသည် အမြတ်များခြင်းကြောင့်လည်းကောင်း တင်ပို့မှု များပြားခဲ့ပါသည်။

တရုတ်နိုင်ငံသည် ယခုနှစ် ပထမနှစ်လအတွင်း သန့်စင်ပြီး ရေနံထွက်ကုန် တန်ချိန် ၁၂ ဒသမ ၉၆ သန်း တင်ပို့ခဲ့ကြောင်း မတ်လ ၇ ရက်က ထုတ်ပြန်သည့် အကောက်ခွန် ကိန်းဂဏန်းများအရ သိရသည်။ ပျမ်းမျှအားဖြင့်၎င်းနှစ်လတွင်လောင်စာ တစ်ရက်လျှင် စည်ပေါင်း barrels per day (bpd) ၁ ဒသမ ၇၆ သန်း တင်ပို့ခဲ့ သည်။ ပြီးခဲ့သည့် ၂၀၂၂ စတုတ္ထ ၃လပတ်တွင် bpd ၁ ဒသမ ၅၉ သန်း တင်ပို့ခဲ့သည်ထက် အနည်းငယ် ပိုများခဲ့ပါသည်။

တရုတ်နိုင်ငံသည် သန့်စင်ပြီး လောင်စာဆီများကို အာရှဈေးကွက်များသို့ တင်ပို့ရတွင် ပမာဏအတက်အကျ ရှိပါသည်။ တင်ပို့သည့်ပမာဏသည် တရုတ်အစိုးရမှချပေးသည့် ပို့ကုန်ခွဲတမ်းအပေါ်မူတည်သည်။ ခွဲတမ်းအနည်းအများ မည်သို့ဆုံးဖြတ်သည်ကို အကျိုးအကြောင်းရှင်းပြခြင်း မရှိပါ။ ပြည်တွင်းလောင်စာဆီ ဖူလုံရေး မူဝါဒအရ ဆုံးဖြတ်ခြင်းဖြစ်ပြီး အာရှဈေးကွက်မှာဖြစ်ပေါ်သည့် ဝယ်လိုအားများ၊ ရောင်းလိုအားများနှင့် မပတ်သက်ချေ။

၂၀၂၂ ခုနှစ် ပထမနှစ်ဝက်တွင် ဒီဇယ်နှင့် ဓာတ်ဆီတင်ပို့မှု အားနည်းခဲ့သော်လည်း တရုတ်အစိုးရက တင်ပို့မှု ခွဲတမ်းများတိုးမြှင့်မှုကြောင့် ဒုတိယနှစ်ဝက်တွင် များလာခဲ့ရာ ၂၀၂၃ ပထမနှစ်လအထိ ဆက်လက်များပြားနေဆဲဖြစ်ပါသည်။ Refinitiv Oil Research သည် ယခုနှစ် ပထမနှစ်လအတွင်း ဒီဇယ်ဆီ တင်ပို့မှု ၄၄၆,၀၀၀ bpd ရှိမည်ဟု ခန့်မှန်းထားသည်။ ဓာတ်ဆီတင်ပို့မှုသည် ယခုနှစ် ပထမနှစ်လတွင် ၁၅၂,၀၀၀ bpd ခန့်ရှိကြောင်း Refinitiv မှ ခန့်မှန်းထားသည်။ မတ်လတွင် လောင်စာနှစ်မျိုးလုံး တင်ပို့မှုကျဆင်းသွားနိုင်သည်ဟု Refinitiv ၏ ခန့်မှန်းထားသည်။ ဒီဇယ်ဆီတင်ပို့မှုမှာ ၁၂၀,၀၀၀ bpd မျှသာရှိမည်ဟု ခန့်မှန်းထားသည်။ ပြီးခဲ့သည့် ၉ လတာအတွင်း အနည်းဆုံးပမာဏဖြစ်သည်။ ဓာတ်ဆီတင်ပို့မှုမှာ ၈၂,၀၀၀ bpd ရှိမည်ဟုခန့်မှန်းသည်။ ဒီဇယ်နှင့် ဓာတ်ဆီတင်ပို့မှု လျော့ကျစေမည့်အကြောင်း ၃ ချက် ရှိနေသည်။ ပြည်တွင်းဝယ်လိုအားမြင့်တက်လာနေခြင်း၊ ရေနံချက်စက်ရုံများ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်မည့် အစီအစဉ်ရှိခြင်း၊ ဒေသတွင်းရောင်းချသည့်အခါ ရသည့်အမြတ်လျော့နည်းနေခြင်းတို့ ဖြစ်သည်။ သို့ဖြစ်ရာ တရုတ်နိုင်ငံ၏ ဒီဇယ်နှင့် ဓာတ်ဆီ တင်ပို့မှုသည် ယခုလအတွင်း သိသိသာသာ ကျဆင်းသွားဖွယ်ရှိသည်။

တရုတ်နိုင်ငံမှ ဓာတ်ဆီနှင့် ဒီဇယ်တင်ပို့မှုများ လျော့ကျသဖြင့် အာရှဈေးကွက်တွင် ရောင်းလိုအား လျော့ကျသွားမည်ဖြစ်ရာ ဈေးနှုန်းများမြင့်တက်စေမည်လားဟု မေးခွန်းရှိနေသည်။ တရုတ်လောင်စာဆီ လျော့ကျသွားသည့်ကို အခြားလောင်စာဆီတင်ပို့သည့်နိုင်ငံများက တိုးမြှင့်တင်ပို့ခြင်းဖြင့် ဈေးကွက်ဝေစုကိုတိုးချဲ့နိုင်သည်။ ယခုအခါ အိန္ဒိယ၊ ဆော်ဒီအာရေဗျ၊ ယူအေအီးတို့သည် လောင်စာဆီတင်ပို့မှု ပိုများလာနေသည့် အရိပ်လက္ခဏာများကို မြင့်တွေ့နေရသည်။

အိန္ဒိယ၏ ဒီဇယ်တင်ပို့မှုသည် ဖေဖော်ဝါရီတွင် ၄၇၀,၀၀၀ bpd ရှိခဲ့ပြီး ဓာတ်ဆီတင်ပို့မှု ၃၁၄,၀၀၀ bpd ရှိခဲ့သည်။ နှစ်မျိုးစလုံး ယခင်ကထက် ပမာဏပိုများပါသည်။ သို့ဖြစ်ရာ တရုတ်လောင်စာဆီ အာရှဈေးကွက်သို့ အဝင်နည်းခြင်းကြောင့်ဈေးမြင့်တက်သည့် ရလဒ်အခွင့်အလမ်းနည်းပါးသော်လည်း ထိုသို့ အဝင်နည်းသည်ကို အကြောင်းပြပြီး ဈေးကစားခြင်းကြောင့်သာ ဈေးမြင့်တက်နိုင်ပါသည်။

Source: https://www.industrialdirectory.com.mm/article/china-fuel-to-asia-march.html

# ပြည်တွင်းကုန်သွယ်မှုသတင်း

## ဈေးကွက်ဝင် မြန်မာ့သရက်သီးနှင့် MSME

မြန်မာ့ရေမြေတွင် ကောင်းစွာရှင်သန်ဖြစ်ထွန်းသော သီးနှံအမည်များစွာအနက် သရက်သီးလည်း အပါအဝင်ဖြစ်သည်။ အရက်သီးကို ရှေးယခင်ကပင် စိုက်ပျိုး၍ စားသုံးကြသည့်ဓလေ့ရှိသည်ကို အသီးမှာ သရက်၊ အရွက်မှာ လက်ဖက်ဟူသော စကားရပ်က သက်သေခံလျက်ရှိသည်။ သရက်သီးမှာ ရာသီအလိုက်ပေါ်သော အသီးအနှံဖြစ်သည်။ လူတန်းစားမရွေး နှစ်ခြိုက်စွာ စားသုံးကြသည်ကိုလည်း တွေ့နိုင်သည်။ သရက်သီးများ ရင့်မှည့်စပြုလာလျှင် ခူးဆွတ်ကြပြီး ဈေးကွက်သို့ တင်ပို့ကြသည့်အချိန်သည် သင်္ကြန်ရက်များအပြီး တန်ခူးလထဲတွင်ဖြစ်ကြောင်း အများအားဖြင့် တွေ့ရသည်။ ၎င်းကို သရက်သီးပေါ်ချိန်ဟု သတ်မှတ်နိုင်သည်။ သရက်သီးပေါ်ချိန်မတိုင်မီ ကနဦးအဖြစ် သရက်ကင်းများပေါ်ထွက်လာသည်ကို တွေ့ရပြီး မြန်မာ့လူနေမှု စနစ်တွင် သရက်ကင်းကို အတို့အမြုပ်ဟင်းအမည်အဖြစ်လည်း နှစ်သက်စွာစားသုံးကြရာ ဈေးကွက်တစ်ခုအဖြစ်တွင်ကျယ်စွာတွေ့ရသည်။ သရက်ကင်းမှ သရက်သီးစိမ်းများကို ခူးဆွတ်၍ သရက်ချဉ်အဖြစ် အချဉ်တည်ကာ ပြုလုပ်ရောင်းချ

ရာ နိုင်ငံအတွင်း နေရာဒေသအနှံ့အပြား၌ သရက်ချဉ်ကို ဟင်းအမည်တစ်ခုအဖြစ်ထည့်သွင်း၍ အမျိုးမျိုးပြုလုပ် စားသုံးကြကြောင်း တွေ့ရသည်။

သရက်သီးတွင် ရွှေဟင်္သာ၊ အောင်ဒင်၊ မချစ်စု၊ ရင်ကွဲ၊ စိန်တလုံး စသည့် လူကြိုက်များသော အရသာ ချိုမြိန်သည့် သရက်သီးများသည် ပြည်တွင်းစားသုံးမှုကို ဖြည့်ဆည်းပေးနိုင်သည်သာမက ပြည်ပပို့ကုန်အဖြစ်လည်း ထုတ်လုပ်ရောင်းချကာ စီးပွားဖြစ်ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရသည်။ သရက်သီးကို ပြည်ပပို့ကုန်အဖြစ် ထုပ်ပိုးသန့်စင်ရန်အတွက် ခေတ်မီနည်းပညာဖြင့် သန့်စင်ထုပ်ပိုးနိုင်ရန် နည်းပညာအသုံးပြုအအေးခန်းစက်ရုံများ တည်ဆောက်ပေးနေပြီဖြစ်သည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရသည်။

သရက်သီးတွင် အရသာအချဉ်ကဲသော သရက်ကြမ်းများကို သရက်ချဉ်ပြုလုပ်ရာတွင် အဓိကအသုံးပြု ကြသလို သရက်သီးရင့်မှည့်ချိန်တွင် အိမ်တွင်းတစ်နိုင်တစ်ပိုင်လုပ်ငန်းအဖြစ် သရက်ပြား၊ သရက်ယိုအဖြစ် ထုတ်လုပ်ရောင်းချကြသည်ကို တွေ့ရသည်။ အဆိုပါသရက်ချဉ်၊ သရက်ပြား၊ သရက်ယိုလုပ်ငန်းများကို နိုင်ငံတော်က ဖော်ဆောင်အားပေးမြှင့်တင်လျက်ရှိသော MSME လုပ်ငန်းများအဖြစ် တရားဝင်မှတ်ပုံတင်ကာ လုပ်ဆောင်သွားမည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ ထို့ပြင် ဒေသဖွံ့ဖြိုးရေးကိုလည်း အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။ မိမိတို့ဒေသတွင်းမှ ထွက်ရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးကုန်ကြမ်းများ ကို အခြေခံ၍ MSME လုပ်ငန်းအဖြစ် ဆောင်ရွက်ထုတ်လုပ်နိုင်မည်ဖြစ်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်မည်ဖြစ်သလို တစ်ဦးချင်းဝင်ငွေ ပိုမိုရရှိစေကာ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာမည်ဖြစ်သည်။ သရက်သီး၏ ကောင်းမွန်သော ဂုဏ်၊ အင်္ဂါရပ်များအဖြစ် သီးကင်း၊ သီးစိမ်း၊ သီးမှည့်အခြေအနေ သုံးမျိုး စလုံး စားသောက်ကုန်အဖြစ် အသုံးပြုနိုင်သည်ကို တွေ့ရပြီး အဆိုပါ သီးနှံများကို အခြေခံ၍ အရည်အသွေးမြင့် စားသောက်ကုန်များဖြင့် ဆက်လက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတကာဈေးကွက်တွင် ရောင်းပန်းလှပြီး ပြည်တွင်းစားသုံးမှုမှလည်း ဝယ်လိုအားရှိသော သရက်ကို နည်းစနစ်ကျနစွာ စိုက်ပျိုးထုတ်လုပ်၍ MSME လုပ်ငန်းအဖြစ် ဖော်ဆောင်ကာ နိုင်ငံဝင်ငွေတိုး၍ စိုက်ပျိုးထုတ်လုပ်သူ၊ လုပ်သားများအကျိုးရှိအောင် ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းလိုက်ရပေသည်။ Source: ရတနာပုံသတင်းစာ

## တန် ၅၀၀ ဆန့် ငါး၊ ပုစွန် အအေးခန်းစက်ရုံ BOT စနစ်ဖြင့် မြေ ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ငါးလုပ်ငန်းဦးစီးဌာနက တန် ၅၀၀ ဆန့် အအေးခန်းစက်ရုံတည်ဆောက်ပြီး ငါး၊ ပုစွန် ထုတ်လုပ်ရန် ကျယ်ဝန်းသည့် မြေနေရာကို တည်ဆောက်၊စီမံ၊လွှဲ ပြောင်းစနစ်(Build, Operate and Transfer BOT) နှင့် အငှားချမည် ဖြစ်ပါသည်။

တည်နေရာမှာ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက် မြေတိုင်း အမှတ် ၂ တွင် ဖြစ်ပါသည်။ မြေအကျယ်အဝန်းမှာ ၂ ဒသမ ၇၅ဧက (၁၁၉,၇၉၀စတုရန်းပေ) ဖြစ်ပါသည်။ မြေပေါ်ရှိဆက်စပ်ပစ္စည်းတို့ကို BOT စနစ်ဖြင့် ငှားရမ်းလုပ်ကိုင်ခွင့် ပြုမည်ဖြစ်၍ လုပ်ငန်းရှင်၊ ကုမ္ပဏီများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

BOT လုပ်ငန်းလုပ်ခွင့်ရသည့် လုပ်ငန်းရှင်က ငှားရမ်းထားသည့်နေရာတွင် မိမိငွေဖြင့် အရင်းအနှီး စိုက်ထုတ်၍ ဆောက်လုပ်ရမည်ဖြစ်ပါသည်။ ရင်းနှီးငွေနှင့် အမြတ်အစွန်းများကို ရရှိစေရန် မိမိတည်ဆောက်ထားသည့် အဆောက်အအုံ ငှားရမ်းခအတွက် သင့်လျော်သည့် နှုန်းထားတစ်ခုကို ဥပဒေနှင့်အညီ အစိုးရ၏ ကြပ်မတ်မှုဖြင့် သတ်မှတ်သက်တမ်းအတွင်း ပြန်လည် ကောက်ခံရယူခွင့်ရှိမည်ဖြစ်ပါသည်။

Source: https://www.industrialdirectory.com.mm/article/-bot-cold-storage.html

# ပြည်ပကုန်သွယ်မှုသတင်း

## ၂၀၂၃-၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ နှမ်းတန်ချိန် ၂ သိန်းကျော် တင်ပို့ရောင်းချမည်

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ အမေရိကန်ဒေါ်လာ သန်း ၃၃၀ ကျော်တန်ဖိုးရှိ နှမ်းတန်ချိန် ၂၂၀,၀၀၀ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ သတင်းများအရသိရသည်။ နှမ်းသည် မြန်မာ့ပြည်ပပို့ကုန်များတွင် အားထားရသည့် ပြည်ပပို့ကုန်တစ်ခုဖြစ်ပြီး တရုတ်၊ ကိုရီးယား၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်၊ ဗီယက်နမ်၊ ဘူလ်ဂေးရီးယား၊ ဖိလစ်ပိုင်၊ နယ်သာလန်၊ မလေးရှားနှင့် ယူအေအီး စသည့်နိုင်ငံများသို့ အဓိက တင်ပို့ရောင်းချပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် နှမ်းကို ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင်အများအပြား စိုက်ပျိုးလျက်ရှိပြီး မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်မှ ထွက်ရှိသည့် နှမ်းနက်သည် အရည်အသွေး အလွန်ကောင်းမွန်သဖြင့် ဂျပန်နိုင်ငံတွင် ဈေးကွက်ခိုင်မာစွာ ရရှိနေပြီဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် နှမ်းသည် ဖုံ၊ သဲနှင့် အရောအနှော ကင်းရှံ့မှုမက ပိုးသတ်ဆေးဓာတ်ကြွင်း နည်းပါးသည့်အပြင် အရည်အသွေးကောင်းမွန်မှု ထိပ်တန်းအဆင့်တွင်ရှိနေသဖြင့် ဖောက်သည်ဈေးကွက် နိုင်ငံများ၏ ဝယ်ယူလိုအားရှိနေကြောင်း၊ မြန်မာနိုင်ငံမှ ထွက်ရှိသည်နှမ်းများသည် နိုင်ငံတကာ နှမ်းဈေးကွက်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၀၀ မှ ၁,၀၀၀ ထိ ရှိနေသဖြင့် နှစ်စဉ် ပြည်ပတင်ပို့မှု ရှိနေကြောင်း သိရသည်။

လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၃၃၀ တန်ဖိုးရှိ နှမ်းတန်ချိန် ၂၂၀,၀၀၀ ထိ တင်ပို့ရောင်းချပေးသွားမည်ဖြစ်ကြောင်း ထိုသို့တင်ပို့ရောင်းချပေးရာတွင် ၂၀၂၃ ခုနှစ် ဧပြီလမှ ဇွန်လထိ ဘဏ္ဍာနှစ်၏ ပထမသုံးလတာကာလအတွင်းတွင် နှမ်းတန်ချိန် ၅၅,၀၀၀၊ ဇူလိုင်လမှ စက်တင်ဘာလထိ ဘဏ္ဍာနှစ်၏ ဒုတိယသုံးလတွင် နှမ်းတန်ချိန် ၅၅,၀၀၀၊ အောက်တိုဘာလမှ ဒီဇင်ဘာလထိ ဘဏ္ဍာနှစ်၏ တတိယသုံးလတွင် နှမ်းတန်ချိန် ၅၅,၀၀၀ နှင့် ဘဏ္ဍာနှစ်၏ နောက်ဆုံးသုံးလဖြစ်သည့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လထိကာလ အတွင်းတွင် နှမ်းတန်ချိန် ၅၅,၀၀၀ စုစုပေါင်း နှမ်းတန်ချိန် ၂၂၀,၀၀၀ တင်ပို့ ရောင်းချပေးသွား မည် ဖြစ်ကြောင်း သိရသည်။

လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ နှမ်းတင်ပို့ရောင်းချပေးရာတွင် နှမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁,၅၀၀ ရရှိရန် ခန့်မှန်းထားကြောင်း မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၏ သတင်းများ အရသိရသည်။ Source:https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5746-

## ယူနန်-မြန်မာအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် Platform တည်ဆောက်ပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုကို ဆောင်ရွက်လိုကြောင်း ယူနန်ကူးသန်းရောင်းဝယ်ရေးညွှန်ကြားရေးမှူးချုပ်ပြောကြား

ယူနန်-မြန်မာအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် Platform ကို တည်ဆောက်ပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုကို ချိတ်ဆက်ဆောင်ရွက်လိုကြောင်း ယူနန်ကူးသန်းရောင်းဝယ်ရေးညွှန်ကြားရေးမှူးချုပ် Dr.Li Chenyang က ပြောကြားခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ယူနန်ပြည်နယ် စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာလုပ်ငန်းရှင်များ အများအပြား တက်ရောက်ခဲ့သည့် ယူနန် - မြန်မာစီးပွားရေးချိတ်ဆက်မှုဆိုင်ရာဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ Wyndham Grand Hotel ၌ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ယူနန်ပြည်နယ်၊ ကူးသန်းရောင်းဝယ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် Dr.Li Chenyang က မြန်မာပြည်သည် အကြီးမားဆုံးသော Trading Partner ဖြစ်ကြောင်း၊ ယူနန်-မြန်မာအကြား စီးပွားရေးကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရန် Platformကို တည်ဆောက်ပြီး ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုကို ချိတ်ဆက်ဆောင်ရွက်လိုကြောင်း ပြောကြားခဲ့သည်။

ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကြီးမားသောအရေးပါသည့် ဈေးကွက်ကြီးဖြစ်သည့်အတွက် GACC စနစ်တွင် အလားအလာရှိသော မြန်မာနိုင်ငံထွက် ထုတ်ကုန်ပစ္စည်းများ မှတ်ပုံတင်ရေးလုပ်ငန်းစဉ်များ လွယ်ကူမြန်ဆန်စေရန် ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ လယ်ယာကဏ္ဍ သွင်းအားစုများဖြစ်သည့် မျိုးကောင်းမျိုးသန့်၊ နည်းပညာ၊ မြေဩဇာစသည်များကို အဆင်ပြေသက်သာစွာဖြင့် ဖြည့်ဆည်းပေးနိုင်ရေးကိုလည်း ညှိနှိုင်းပေးရန်နှင့် မြန်မာနိုင်ငံမှမွေးမြူရေးနှင့် ရေလုပ်ငန်းထုတ်ကုန်များကိုလည်း ဘေးအန္တရာယ်ကင်းရှင်းသော ထုတ်ကုန်များအဖြစ်တင်ပို့ရောင်းချနိုင်ရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရန် အစိုးရနှင့်သက်ဆိုင်ရာတာဝန်ရှိသူများက ပံ့ပိုးဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး(ရန်ကုန်)မှ စီးပွားရေးသံမှူး Mr.Tan Shufu က ယင်းဆွေးနွေးပွဲကျင်းပခြင်းဖြင့် ယူနန်နှင့် မြန်မာအကြား နယ်စပ်ကုန်သွယ်ရေး၊ လျှပ်စစ်နှင့် အခြေခံအဆောက်အအုံလုပ်ငန်းများသည် အလားအလာရှိသော လုပ်ငန်းများဖြစ်ကြောင်း၊ နှစ်ဖက်အဆက်အသွယ်များရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများ လည်းရရှိနိုင်မည်ကို ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ယူနန်စီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာလုပ်ငန်းရှင်များက အပြန်အလှန် ပူးပေါင်း ဆောင်ရွက်နိုင်မည့် လယ်ယာလုပ်ငန်းများ၊ အိုင်တီနှင့်ဆက်စပ်လုပ်ငန်းများ၊ ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း

များ၊ ကုန်စည်ပို့ဆောင်ရေး သိုလှောင်ရုံစီမံကိန်းများ၊ သတင်းအချက်အလက် လုပ်ငန်းဆိုင်ရာ စက်ပစ္စည်းကိရိယာများ၊ လျှပ်စစ်၊ အခြေခံအဆောက်အအုံ၊ ငွေပေးချေမှုနည်းပညာများ၊ စီမံကိန်း များအသီးသီးကို ရှင်းလင်းတင်ပြခဲ့ကြသည်။

Source: https://news-eleven.com/article/244533

## ထိုင်းနိုင်ငံမှ ဈေးကွက်ဝယ်လိုအား ကောင်းနေသော ကင်းမွန်နှင့် ရေခူ

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်း၊ မြိတ်၊ ဘုတ်ပြင်းနှင့် ထားဝယ်မြို့တို့ရှိ ကမ်းနီး၊ ကမ်းဝေး ပင်လယ်ပြင်တို့တွင် ထိုင်းနိုင်ငံမှဈေးကွက်ဝယ်လိုအားကောင်းနေသော ကင်းမွန်နှင့် ရေခူကို ဒေသခံလုပ်သားများ ကောင်းမွန်စွာ ဖမ်းဆီရမိလျက်ရှိရာ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြသည်။

ပင်လယ်ပြင်တွင် တစ်နေရာနှင့် တစ်နေရာ ကင်းမွန်အုပ်ဖွဲ့ နေထိုင်မှုမတူညီမှုကြောင့် ဖမ်းဆီးရရှိမှု တူညီခြင်းမရှိသော်လည်း ဈေးကောင်းရချိန်ဖြစ်သောကြောင့် ညပိုင်း၌ လျှပ်စစ်မီးရောင်ပြ၍ ကင်းမွန်များကို ဖမ်းဆီးလျက်ရှိပြီး ဘုတ်ပြင်းမြို့နယ် ကမ်းနီးပင်လယ်ပြင်တွင်လည်း ယမန်နှစ်ထက် ရေခူဖမ်းဆီးရမိမှုကောင်းလာသည့်အတွက် ရေခူဖမ်းဆီးသော ရေလုပ်သားများ အလုပ်အကိုင်ကောင်းမွန်လျက်ရှိသည်။ ကင်းမွန်ဖမ်းဆီးရမိသည့် ရာသီသည် နိုဝင်ဘာလမှစတင်၍ မုတ်သုံလေ ဝင်ရောက်သော ဇွန်လမိုးဦးတွင် ဆုတ်သွားလေ့ရှိပြီး ရေခူဖမ်းဆီးရမိသည့် ရာသီသည် ဇန်နဝါရီလမှစတင်၍ ဧပြီလတွင် ကုန်ဆုံးလေ့ရှိကာ ရေခူထက်ကင်းမွန်သည် ဈေးကောင်းရရှိနေဆဲဖြစ်သည်ဟု သိရသည်။

“မြန်မာ့ပင်လယ်ပြင်က ဖမ်းဆီးရမိတဲ့ ကင်းမွန်နဲ့ရေခူကို ထိုင်းနိုင်ငံ ရနောင်း ရေထွက်ကုန်ဒိုင်ကို တင်ပို့ကြပါတယ်။ လတ်လတ်ဆတ်ဆတ်ကို ရေခဲတိုက်တင်ပို့သလို အခြောက်တင်ပို့တာလည်းရှိတယ်။ ကင်းမွန်နဲ့ ရေခူဟာ ဒေသခံရေလုပ်သားတွေရဲ့ စီးပွားရေးကို ဖော်ဆောင်ပေးနေတယ်ဆိုရင်လည်း မမှားပါဘူး။ ကင်းမွန်ဖမ်းတဲ့အခါမှာမီးရောင်ကို အသုံးပြုကြတာဖြစ်တဲ့အတွက် နိုင်ငံအနေနဲ့ မီးရောင်နဲ့ ဖမ်းဆီးမှုကို လျှော့ချနေပြီး ကာလတစ်ခုမှာ ဒါတွေမရှိအောင် ဆောင်ရွက်မယ်ဆိုတဲ့ ရည်မှန်းချက်လည်းရှိပါတယ်။ အဲဒီကာလအတွင်းမှာ ယခင်ကလိုင်စင်နဲ့ခွင့်ပြုထားတဲ့ ကင်းမွန်ငါးဖမ်းလှေ ၄၀၀ နီးပါးကိုပဲ ခွင့်ပြုထားတာပါ။ မီးရောင်ပြပြီး ဖမ်းတဲ့အခါမှာ အခြားသော ငါးတွေလည်းရောက်လာတတ်တာကြောင့် များများရရင် များများပြုန်းတီးနိုင်တဲ့အတွက် ငါးသယံဇာတလျော့ နည်းမှုမရှိအောင် ထိန်းချုပ်ဆောင်ရွက်နေပါတယ်။ အခုလိုကင်းမွန်နဲ့ ရေခူရရှိမှုကနေ ပို့ကုန်စီးဆင်းနေတဲ့အတွက် ရေလုပ်သားတွေ စီးပွားရေးအခွင့်အလမ်းပွင့်လန်းလာတာဟာ နိုင်ငံတော်အတွက်လည်း အကျိုးရှိစေပါတယ်” ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီဌာနမှ ညွှန်ကြားရေးမှူးကပြောသည်။

ကင်းမွန်နှင့်ရေခူကို တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ကမ်းနီးပင်လယ်ပြင်တို့မှ ဖမ်းဆီးရမိလျက်ရှိပြီး၊ မြန်မာ့ကင်းမွန်နှင့် ရေခူသည် အရသာကောင်းမွန်သောကြောင့် ထိုင်းနိုင်ငံမှ အများဆုံးဝယ် ယူလျက်ရှိသည်။ ဈေးကောင်းရရှိသော မြန်မာ့ကင်းမွန်ကို ထိုင်းနိုင်ငံရနောင်း ရေထွက်ကုန်ဒိုင်မှ အရွယ်အစား အပေါ်မူတည်၍ တစ်ကီလိုဂရမ်လျှင် ဘတ် ၁၄၀ မှ ၁၇၅ ဘတ်အထိ၊ မြန်မာငွေကျပ် ၁၂,၀၀၀ မှ ၁၅,၀၀၀ အထိ ဈေးရရှိလျက်ရှိသည်။ သဘာဝအတိုင်း သန့်စင်၍ အခြောက်ပြုလုပ်ထားသော ကင်းမွန်ခြောက်တစ်ကီလိုဂရမ်လျှင် မြန်မာငွေကျပ် ၅၃,၀၀၀ ခန့်အထိ ဈေးကောင်းရရှိလျက်ရှိကာ ယမန်နှစ်ထက် တစ်ကီလိုလျှင် ဘတ် ၃၀ ကျော်ဈေး ပိုရရှိလျက်ရှိသည်။ ရေခူထွက်ရှိသောကာလ၌ ဘုတ်ပြင်းမြို့နယ် ကမ်းနီးပင်လယ်ပြင်တွင် အများဆုံးဖမ်းဆီးရမိလျက်ရှိပြီး ရေခူဆားနယ် တစ်ကီလိုဂရမ်လျှင် ဘတ် ၉၀၊ မြန်မာငွေကျပ် ၇,၅၀၀ ကျော်ရရှိလျက် ရေခူအစိုနှင့် အခြောက်ကို ထိုင်းနိုင်ငံသို့ တင်ပို့လျက် ရှိသည်။

မြန်မာ့ပင်လယ်ပြင်မှရရှိသော ကင်းမွန်နှင့်ရေခူကို ပြည်တွင်း၌ ဟိုတယ်၊ စားသောက်ဆိုင်၊ ရန်ကုန်မြို့ရှိ ရွှေပိတောက်ငါးဈေးနှင့် စံပြငါးဈေးသို့ တင်ပို့ပြီး ပြည်ပဈေးကွက်တွင် ထိုင်းနိုင်ငံသို့တင်ပို့လျက်ရှိကာ ထိုင်းနိုင်ငံမှ စည်သွတ်ဘူးပြုလုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိသည်ဟု သိရသည်။

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5807

## မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ သိရသည်။ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး၊ India Myanmar Chamber ၏ နာယက H.E.Mr Shri Vinay Kumar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်း ဦးဆောင်သော တာဝန်ရှိသူများတို့၏ တွေ့ဆုံပွဲကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်က အသင်းချုပ်၌ ကျင်းပခဲ့သည်။

တွေ့ဆုံစဉ် ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းက မကြာသေးမီက အရှေ့မြောက်ဒေသမှ ငွေရေးကြေးရေး အဖွဲ့အစည်း ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ၍ လက်ရှိစီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို အပြန်အလှန်

ဆွေးနွေးဖလှယ်ခဲ့ပါကြောင်း၊ နောက်ဆုံးစာရင်းအင်း အချက်အလက်များအရ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ Trade Partner အဖြစ် နံပါတ် (၅) နေရာ၊ အကြီးဆုံး Export Destination များထဲမှ နံပါတ် (၄)၊ သွင်းကုန်အ ရင်းအမြစ်များထဲမှ နံပါတ် (၆) နေရာများတွင် ရှိပါကြောင်း၊ IMCC သည် မိမိတို့၏ အရင်းနှီးဆုံး စီးပွားရေးမိတ်ဖက်များထဲတွင်ပါဝင်ပြီး နှစ်နိုင်ငံအကြား စီးပွားရေး နှင့်ကုန်သွယ်မှုဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

H.E.Mr Shri Vinay Kumar က မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ အရေးကြီးသည့်ကုန်သွယ်ရေး မိတ်ဖက်နိုင်ငံ ဖြစ်ပါကြောင်း၊ အိန္ဒိယ၏ ပို့ကုန်ပါတနာလည်းဖြစ်ပါကြောင်း၊ ဆိုလာစွမ်းအင်စီမံကိန်း အကောင်အထည်ဖော်နေမှုများ၊ အခက်အခဲများ၊ စိန်ခေါ်မှုများကိုကျော်လွှားပြီး ရေရှည်လက်တွဲဆောင်ရွက်သွားနိုင်ရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ သွင်းကုန် လိုင်စင်များ ဖြေလျှော့ပေးနိုင်ရေး၊ ပြည်တွင်းအခြေခံ အဆောက်အအုံတည်ဆောက်ရေး၊ ဆန်တင်ပို့မှုဆိုင်ရာကိစ္စရပ်များ၊ လျှပ်စစ်မီးတည်ငြိမ်စေရေး၊ ကုန်ကြမ်းများမပြတ်လပ်စေရေး၊ အိန္ဒိယ-မြန်မာ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေး တို့ကို ပြောကြားခဲ့သည်။

အစည်းအဝေးတွင် နှစ်ဖက်ကိုယ်စားလှယ်များမှ နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ ကြုံတွေ့နေရသည့်အခက်အခဲများ၊ စိန်ခေါ်မှုများကို ဆွေးနွေးခဲ့ကြပြီး ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ ဆောက်လုပ်ရေးနှင့်အခြေခံအဆောက်အအုံ၊ ပို့ကုန်သွင်းကုန်ဆိုင်ရာများ၊ ကုန်သွယ်မှုဆိုင်ရာမူဝါဒများ၊ ခရီးသွားလုပ်ငန်းကဏ္ဍတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီးပွားရေးအခွင့်အလမ်းများကို အပြန်အလှန်ဆွေးနွေး ခဲ့ကြသည်။ Source: https://news-eleven.com/article/245104

## အထူးဆောင်းပါးများ

### ဈေးကွက်ရရှိရေးအတွက် အရေးပါသည့် ကုန်ထုတ်လုပ်မှုစရိတ်လျှော့နည်းရေး

ပြည်ပပို့ကုန်မှ ဝင်ငွေရရှိရေးတွင် ပို့ကုန်ရှိရန်၊ အရည်အသွေးကောင်းမွန်ရန်နှင့် ရောင်းဈေးသင့်တင့် မျှတရန်ဟူသော အချက်သုံးချက်သည် အဓိကဖြစ်သည်။ အခြားအကြောင်းများစွာရှိသော်လည်း အထက်ပါအချက်သုံးချက်သာ ကောင်းမွန် ညီညွတ်လျှင် ရောင်းထွက်ရန်လည်း သေချာသည်။ ပြည်ပပို့ကုန်ဟု ဆိုရသော်လည်း ဤသုံးချက်ပင်ဖြစ်သည်။ ကုန်ပစ္စည်း ထုတ်လုပ်သူတိုင်းနှင့် ရောင်းသူတိုင်းသည် ဈေးကွက်မှ လိုလားသော အရည်အသွေးနှင့် အရေအတွက်ကို ဈေးနှုန်းသက်သာ စွာဖြင့် ရောင်းချနိုင်ရန်ဆောင်ရွက်ရသည်။ ယခု EV ကားများကိုကြည့်လျှင် ဈေးနှုန်းနှင့်ဈေးကွက်သည် ဘက်ထရီပေါ်တွင် မူတည်နေသည်ကို တွေ့နိုင်သည်။ ကုန်ပစ္စည်းတစ်ခု တန်ဖိုးသင့်တင့်ရေးနှင့် ဈေးကွက်တွင် တွင်ကျယ်စွာရောင်းနိုင်ရေးတို့ အတွက် လိုအပ်ချက်မှာ အရည်အသွေးမြင့်မားရေး၊ ကုန်ထုတ်လုပ်မှုစရိတ် နည်းပါးရေး၊ ရောင်းဈေးသင့်တင့်ရေးတို့ဖြစ်သည်။ ရည်ရွယ်သော ဝယ်သူကိုလိုက်၍ အရည်အသွေး၊ အရေအတွက်နှင့်ရောင်းဈေးတို့သည် ပြောင်းလဲနေသော်လည်း အရည် အသွေးကိုလိုက်၍ သင့်တင့်သော ဈေးဖြစ်ရန် လိုအပ်သည်။ လယ်ယာထွက်ကုန်များကိုကြည့်လျှင် ဈေးကွက်ဝင်ရောက်နိုင်ရေး အားလုံး၏ အသက်သည် ကုန်ထုတ်လုပ်မှုစရိတ် နည်းပါးရေးပင်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင် များအသင်းချုပ်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းတို့မှ အသင်းဝင်များဖြစ်သည့် စားသုံးဆီတင်သွင်းသည့် Importers များ၊ ဆီစက်ပိုင်ရှင်များနှင့် ပြည်တွင်းစားသုံးဆီ တိုးမြှင့်ထုတ်လုပ်ရေးနှင့် စားသုံးဆီဖူလုံရေးကိစ္စများနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတွင် စားသုံးဆီဖူလုံစေရန်အတွက် ဆီထွက်သီးနှံများကို ဖူလုံပိုလျှံအောင် စိုက်ပျိုး ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းဆီစက်များအတွက် လိုအပ်သောကုန်ကြမ်းကို ဖူလုံရန်လိုအပ်သည်။ ထို့ပြင် ဆီထွက်သီးနှံများမှ စားသုံးဆီများကို ကြိတ်ခွဲထုတ်လုပ်သွားရန်လည်း လိုအပ်သည်။ တစ်နည်းဆိုရလျှင် နေကြာ၊ မြေပဲ၊ နှမ်းစသည့် ဆီထွက်သီးနှံများသည် စားသုံးဆီကြိတ်ခွဲရန်အတွက် လိုအပ်သောကုန်ကြမ်းများဖြစ်သည် ထုတ်ကုန်ပစ္စည်းသီးနှံများကို စတင်စိုက်ပျိုးသည်မှ သီးနှံအဖြစ် တစ်နည်းဆိုလျှင် စားသုံးဆီများ၏ ကုန်ကြမ်းအဖြစ် ထုတ်လုပ်ရာတွင် ကုန်ထုတ်လုပ်မှုစရိတ် သက်သာမှသာလျှင် စားသုံးဆီအတွက် လိုအပ်သော အရည်အသွေးကောင်း ကုန်ကြမ်းများကို ပြည်တွင်းဆီစက်များမှ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူကြိတ်ခွဲနိုင်ပြီး အရည်အသွေးကောင်းပြီးဈေးသက်သာသော ပြည်တွင်းထုတ်စားသုံးဆီများ ရရှိနိုင်မည်ဖြစ်သည်။ ရောင်းဈေးသက်သာပြီး တောင်သူများအတွက်လည်း အကျိုးအမြတ်ကောင်းစေသည့် နည်းလမ်းမှာ ကုန်ထုတ်စွမ်းအားမြင့်ပြီး

ကုန်ထုတ်လုပ်မှုစရိတ် သို့မဟုတ် စိုက်ပျိုးစရိတ်နည်းပါးမှသာ ဈေးသက်သာသော၊ အရည်အသွေးကောင်းသော ဆီထွက်သီးနှံကုန်ကြမ်းများကို ဝယ်ယူရရှိနိုင်ပြီး စားသုံးဆီကိုလည်း ကုန်ထုတ်လုပ်မှုစရိတ် သက်သက်သာသာဖြင့် ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်သည်။

**ရောင်းဈေးနှုန်းအတွက် အဓိကအချက်များ**

ထုတ်လုပ်သူများ၊ ကုန်ရောင်းသူများအားလုံးအတွက်ရောင်းကုန်ကို ဈေးနှုန်းတစ်ခုသတ်မှတ်ထားရန် လိုအပ်သည်။ ထိုသို့ ဈေးနှုန်းသတ်မှတ်ရာတွင် အဓိကအချက်များမှာ အခြေခံကုန်ကျစရိတ်များ၊ လစာ၊ အခြားစရိတ်များနှင့် အမြတ်ရာခိုင်နှုန်းတစ်ခုတို့ကို ထည့်သွင်းစဉ်းစားကြသည်။ သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် မျိုး၊ မြေဩဇာ အစရှိသော သွင်းအားစုများ၊ လုပ်သားခ၊ သယ်ယူပို့ဆောင်ခများ၊ လေလွင့်ဆုံးရှုံးမှုများကိုပေါင်း၍ စိုက်စရိတ်အဖြစ် သတ်မှတ်ကြသည်။ ရောင်းဈေးနှုန်းတစ်ခု သတ်မှတ်နိုင်ရန်အတွက် ထုတ်လုပ်မှု ကုန်ကျစရိတ်သည် အရေးအကြီးဆုံးဖြစ်သည်။ ကုန်ကြမ်းဖြစ်စေ၊ ကုန်ချောဖြစ်စေ၊ ထုတ်လုပ်မှုစရိတ်ပေါ်တွင် ရောင်းဈေးကို သတ်မှတ်ကြသည်ဖြစ်၍ ကုန်ကျစရိတ်များလျှင် ရောင်းဈေးမြင့်မားမည်သာဖြစ်သည်။ ရောင်းဈေးများကို ချိန်ဆနိုင်ရန်မှာ ကုန်ကျစရိတ်ကို တွက်ချက်ထားရန် လိုအပ်သည်။ မည်သည့်အတွက် ကုန်ကျစရိတ်ကို တွက်ချက်နေရသနည်းဆိုပါက ကိုယ်ပိုင်ငွေကြေးအင်အားအတွက်ဖြစ်သည်။ ကုန်ပစ္စည်းတစ်ခုကို ထုတ်လုပ်နေသည့်အခါတွင် ကုန်ကျစရိတ်ကိုချင့်ချိန်နိုင်မှသာ ကုန်မည်မျှထုတ်လုပ်မည်၊ မည်မျှအကုန်ခံ၍ ကုန်ပစ္စည်း ထုတ်လုပ်နိုင်မည်ကိုသိရန် အရေးကြီးသည်။ စက်ရုံ၊ အလုပ်ရုံများတွင် အခြေခံကုန်ကျစရိတ်မှာ ကုန်ကြမ်းစရိတ်၊ အလုပ်သမားခနှင့် စီမံခန့်ခွဲစရိတ်သုံးမျိုးဖြစ်သည်။ ထိုစရိတ်သုံးမျိုးပေါ် အခြေခံပြီး ရောင်းဈေးနှုန်း သတ်မှတ်ကြသည်။ စတင်ထုတ်လုပ်စအချိန်တွင် ကုန်စည်အသစ်ကို မိတ်ဆက်သည့်အနေဖြင့် အရှုံးခံရောင်းချ ပေးနေရသည်မျိုးကြုံရတတ်သည်။ တွင်တွင်ကျယ်ကျယ် ရောင်းချနိုင်လာချိန်တွင်မှသာ အမြတ်ရာခိုင်နှုန်း၊ ငွေဖောင်းပွမှုနှုန်း၊ ငွေလဲနှုန်းနှင့် အတိုးနှုန်းများပေါ်တွင် အခြေခံကာ အမြတ်ရာခိုင်နှုန်းတစ်ခုဖြင့် ရောင်းချကြခြင်းဖြစ်သည်။ ဈေးကွက်ပေါက်ဈေးပေါ်အခြေခံပြီး အမြတ်ကျန်ရန်မှာ ကုန်ထုတ်လုပ်မှုစရိတ်ကျဉ်းကျဉ်းဖြင့် အရည်အသွေးကောင်းထုတ်နိုင်ရန် လိုအပ်သည်။ ထို့ကြောင့် ရောင်းထွက်နိုင်ရေးမှာ အရည်အသွေးဖြစ်ပြီး ယှဉ်ပြိုင်ပြီးအမြတ်ကျန်သည့် ရောင်းဈေးဖြစ်ရန်မှာ ထုတ်လုပ်မှုစရိတ် သက်သာရန်လိုအပ်သည်။

**ထုတ်လုပ်မှုစရိတ်**

ထုတ်လုပ်မှုစရိတ်တွင် အဓိကကျသောအချက်များမှာ ကုန်ကြမ်းစရိတ် (သွင်းအားစုစရိတ်)၊ လုပ်သားခ၊ လစာ အစရှိသော အခြားစရိတ်များသည် အဓိကကျသည်။ ထိုစရိတ်များ မြင့်တက်လာသည်နှင့်အမျှ ထုတ်လုပ်မှု ကုန်ကျစရိတ်မြင့်တက်လာပြီး ကုန်ဈေးနှုန်းလည်း လိုက်လံမြင့်တက်လာတတ်သည်။ ကုန်ဈေးနှုန်းမြင့်တက်မှု မဖြစ်ရန်အတွက် လိုအပ်ချက်များသည် စိုက်ပျိုးသူ သို့မဟုတ် ကုန်ထုတ်လုပ်သူတို့အတွက် စိန်ခေါ်ချက်များအဖြစ် ရှိနေမည်ဖြစ်သည်။ ထို့ကြောင့် ထုတ်လုပ်မှုစရိတ်ကို နည်းနိုင်သမျှ နည်းပါးစေရန် ဆောင်ရွက်နိုင်မှသာ ပြိုင်ဘက်များ၊ အခြားသူများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်သည်။ အစကတည်းကပင် ကုန်ထုတ်လုပ်မှု စရိတ်ကြီးမြင့်နေမည်ဆိုပါက အမြတ်ရာနှုန်းသည် ကျဉ်းမြောင်းသွားပြီး လုပ်ကိုင်ရခက်ခဲနိုင်ပါသည်။ ရောင်းဈေးသာကြီးမြင့်သွားပြီး ကုန်ထုတ်လုပ်သူအတွက် အမြတ်မှာမူ အလွန်နည်းပါးတတ်သည်။ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချရသည့်အခါတွင် အမြတ်ရာနှုန်း နည်းပါးသဖြင့် ယှဉ်ပြိုင်ရောင်းချနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည်မှာကြာပြီဖြစ်သော ပြဿနာတစ်ရပ်မှာ ပြည်တွင်းဈေးနှုန်းများ ကြီးမြင့်ပြီး ပြည်ပသို့ တင်ပို့ရာတွင် အခက်အခဲဖြစ်ပေါ်သည်ကို မကြာခဏကြားသိနေရသည်။ ပေါ်ဆန်းမွှေး ဆန်ဈေးနှုန်းကိုကြည့်လျှင် ပြည်တွင်းဈေးကွက်မှ Demand မြင့်တက်ပြီး Supply အနေဖြင့် နည်းပါးခြင်းကြောင့် ပေါ်ဆန်းမွှေးဆန်ဈေးနှုန်းသည် မြင့်မားသည်ကို တွေ့နိုင်သည်။ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချမည်ဆိုပါက ပေါ်ဆန်းမွှေးဈေးနှုန်းသည် အခြားနိုင်ငံများမှ အဆင့်မြင့် Premium ဆန်ဈေးနှုန်းများထက်ပင် မြင့်မားနေသည့်အတွက် ရောင်းချနိုင်ခြင်းမရှိသည်ကို တွေ့နိုင်သည်။ ထုတ်လုပ်ရောင်းချသူများအနေဖြင့်လည်း ပြည်တွင်းဈေးကွက်တွင်ပင် ရောင်းချခြင်းက ပြည်ပတင်ပို့သည်ထက်ပင် တွက်ခြေကိုက်သဖြင့် ပြည်ပတင်ပို့နိုင်ရန် ကြိုးစားခြင်းလည်းမရှိသည်ကို တွေ့နိုင်သည်။ အကယ်၍သာ အိမ်နီးချင်းနိုင်ငံတစ်ခုခုတွင် ပေါ်ဆန်းမွှေးဆန်ကို အများအပြားစိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက မြန်မာနိုင်ငံအတွင်းသို့ပင် ဝင်ရောက်လာဖွယ်ရာရှိနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

သို့ဖြစ်၍ ကုန်ထုတ်လုပ်မှုစရိတ်ကို ဖြစ်သင့်သည့်အတိုင်းအတာတစ်ခုထက်မကျော်ရန် သတိပြုရမည်ဖြစ်သည်။ သို့မှသာ ရောင်းဈေးလည်း သက်သာမည်ဖြစ်ပြီး အမြတ်ဝေစုလည်း များများရမည်ဖြစ်သည်။ မည်သည့်စီးပွားရေး လုပ်ငန်း

အတွက်မဆို ကုန်ထုတ်လုပ်မှုစရိတ် (စိုက်ပျိုးမှုစရိတ်)သည် ပင်မအချက်ဖြစ်သည်။ အထောက်အပံ့ပြုသူများ၏ ရွေးချယ်မှု၊ ကုန်ပစ္စည်းအမျိုးအစားနှင့် ဖောက်သည်များမှတောင်းဆိုသည့် စျေးနှုန်းများသည် အဓိကဖြစ်လာသည်။ ကုန်ထုတ်လုပ်မှုစရိတ်ကို တွက်ချက်နေခြင်းနှင့် သတင်းအချက်အလက်များသည် ကုန်ပစ္စည်းထုတ်လုပ်သူ သို့မဟုတ် ရောင်းချသူအတွက် မဟာဗျူဟာကျသည့်အချက်များဖြစ်သည်။ ထို့ပြင် ကုန်ပစ္စည်းအတွက် တိုးတက်ရန်အလားအလာကောင်းသောနေရာကို ရွေးချယ်တတ်ရန်လည်းလိုအပ်သည်။ ရောင်းချသူတိုင်း၊ ကုန်ပစ္စည်းပိုင်ဆိုင်သူတိုင်း၏ မျှော်လင့်ချက်မှာ အမြတ်အများဆုံးရရှိရေးဖြစ်သည်။ စိန်ခေါ်မှုများသည် စိုက်ပျိုးသူဖြစ်စေ၊ ထုတ်လုပ်သူဖြစ်စေ အစဉ်အမြဲကြုံတွေ့နေရမည်သာဖြစ်သည်။ အခက်အခဲများလေ စိတ်ဓာတ်ကြံ့ခိုင်လေဖြစ်အောင်ကြိုးစားပြီး စိန်ခေါ်မှုများကို ကျော်လွှားရမည်ဖြစ်သည်။ စိုက်ပျိုးသူများနှင့် ကုန်ထုတ်လုပ်သူများသည် ကုန်ပစ္စည်းပိုင်ဆိုင်နိုင်သူများဖြစ်သဖြင့် အတိုးနှုန်းများ၊ ငွေဖောင်းပွမှုများနှင့် သွင်းအားစုများအတွက် ကုန်ကျစရိတ်များ မြင့်တက်လာသည့်အခါတွင် ရောင်းစျေးကို ပြင်ဆင်သတ်မှတ်နိုင်သည့် အခြေအနေရှိသေးသည်ကို သတိပြုရန်လိုသည်။ ကုန်ထုတ်လုပ်သူများသည် ရောင်းစျေးကို မြှင့်တင်ခြင်းမပြုလိုသဖြင့် ထုတ်လုပ်သည့်ကုန်စည်၏ အရည်အသွေးပိုင်းကို လျှော့ချခြင်း၊ တစ်ခုချင်းအလေးချိန်ကို လျှော့ချခြင်းများ ပြုလုပ်ကြသည်။ စိုက်ပျိုးသူများတွင်လည်း သွင်းအားစုများကိုလျှော့ချပြီး ကုန်ကျစရိတ်ကိုသက်သာအောင် ဆောင်ရွက်တတ်သည်။ သို့ရာတွင် ထိုသို့ဆောင်ရွက်ခြင်းများသည်။ ဆေးအတွက်လေး ဆိုသကဲ့သို့ မိမိကုန်ပစ္စည်း၏ ဂုဏ်သတင်းနှင့် ရောင်းအားကို ထိခိုက်နိုင်သည်ကို သတိပြုရန်လိုအပ်သည်။ တစ်ခါတစ်ရံတွင် ရောင်းစျေးသည် အဓိကကျသည်မှန်သော်လည်း အရည်အသွေးသည်လည်း အရေးကြီးသည်ကို တွေ့ရသည်။

ကုန်ကျစရိတ်လျှော့ချခြင်းကို ဆောင်ရွက်ရာတွင် မည်သည့်အချက်ကို ရွေးချယ်မည်ကို အဓိကထား စဉ်းစားရမည့် အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- လုပ်ငန်းစဉ်ကို ပြန်လည်စစ်ဆေးပြီး မလိုအပ်သည့်ကုန်ကျမှုကိုရှာဖွေခြင်း
- စဉ်ဆက်မပြတ်တိုးတက်နေစေမည့် အစီအစဉ်များကို တွေးတောဆောင်ရွက်ခြင်း
- အားနည်းချက်၊ အားသာချက် မြင်နိုင်စွမ်းကို မြှင့်တင်ပါ၊
- ကုန်လက်ကျန်ထားရှိသည့် အစီအစဉ်ကို အကောင်းဆုံးဖြစ်အောင်စဉ်းစားစီစဉ်ပါ
- ထောက်ပံ့ရေးကွင်းဆက်တစ်လျှောက် အခြေအနေနှင့် ကုန်ကြမ်းဝယ်ယူရေးအစီအစဉ်များကို သေချာစိစစ်ပါ၊
- ကုန်ထုတ်လုပ်နိုင်သည့်စွမ်းအားကို တိုးမြှင့်နိုင်ရန်နှင့် ထိန်းသိမ်းနိုင်ရန်ဆောင်ရွက်ပါ၊
- အလေအလွင့်များကို တတ်နိုင်သမျှစိစစ်လျှော့ချပါ။

အထက်ဖော်ပြပါ ကုန်ကျစရိတ်သက်သာအောင် ဆောင်ရွက်မည့်နည်းလမ်းများကို သီးနှံများစိုက်ပျိုး ထုတ်လုပ်ရာတွင်ဖြစ်စေ၊ ကုန်ချောပစ္စည်းထုတ်လုပ်ရာတွင်ဖြစ်စေ လိုက်နာဆောင်ရွက်နိုင်သည်။ ထိုသို့ ကုန်ကျစရိတ်ကိုလျှော့ချသော်လည်း ကုန်ထုတ်စွမ်းအားမြင့်တက်လာလျှင်လည်းကောင်း အမြတ်ဝေစုသည် ပိုမိုမြင့်တက်လာမည်ဖြစ်သဖြင့် ယှဉ်ပြိုင်ရောင်းချနိုင်စွမ်းလည်း တိုးတက်လာမည်ဖြစ်သည်။ ရေမြင့်လျှင် ကြာတင့်ဆိုသကဲ့သို့ ရောင်းအားမြင့်တက်ခြင်း၊ အမြတ်ဝေစုများလာခြင်းများဖြစ်သည်နှင့်အမျှ အရင်းပိုမိုထည့်သွင်းလာနိုင်ကာ ကုန်ထုတ်လုပ်မှုကိုလည်း မြင့်လာစေနိုင်သည်။ တစ်နည်းဆိုရလျှင် Supply Chain ထောက်ပံ့ရေးကွင်းဆက်တစ်ခုလုံး တိုးတက်ကျယ်ပြန့်လာပြီး ခိုင်မာလာမည်ဖြစ်သည်။ စျေးကွက်တွင်လည်း ကောင်းစွာရပ်တည်နိုင်မည်၊ ယှဉ်ပြိုင်ရောင်းချနိုင်မည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုစရိတ်ကို ထိန်းသိမ်းနိုင်ရေးသည် အလွန်အရေးပါသည်ကို ပညာရှိသတိဖြစ်ခဲ မဖြစ်စေရန် တင်ပြလိုက်ရပါသည်။ (မျိုးသူ-ကုန်သွယ်မြှင့်)

Source: ရတနာပုံသတင်းစာ

## အမိန့်ကြော်ငြာစာ

### ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာတည်သည့်နေ့ သတ်မှတ်ခြင်း

၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၃ ဖြင့် ပြဋ္ဌာန်းခဲ့သော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်)နေ့တွင် စတင်အာဏာတည်ကြောင်း ၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက် နေ့စွဲဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာ အမှတ် ၈၂/၂၀၂၃ ဖြင့် ထုတ်ပြန်ပါသည်။

Source: မြန်မာ့အလင်းသတင်းစာ

# ကုန်သွယ်မှုအခြေအနေ

## ၂၀၂၃၊ ဖေဖော်ဝါရီလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 61,444,671.827 | 343.127 |
| 2 | သဘာဝဓါတ်ငွေ့ | kg | 25,036,483.458 | 291.266 |
| 3 | ပြောင်း | မတန် | 242,638.187 | 77.247 |
| 4 | ပဲတီစိမ်း | မတန် | 101,895.456 | 66.600 |
| 5 | ဆန် | မတန် | 99,995.000 | 42.391 |
| 6 | ဆန်ကွဲ | မတန် | 93,842.050 | 35.271 |
| 7 | ငါး | မတန် | 31,322.584 | 34.908 |
| 8 | ရော်ဘာစိမ်း | မတန် | 23,412.500 | 27.301 |
| 9 | ပဲစဉ်းငုံ | မတန် | 35,549.098 | 22.262 |
| 10 | မတ်ပဲ | မတန် | 31,882.082 | 24.170 |

| စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|
| 1 | ရေနံထွက်ပစ္စည်းများ | 511.031 |
| 2 | စက်နှင့်စက်ပစ္စည်းများ | 230.056 |
| 3 | ချည်ထည်များ | 77.099 |
| 4 | စားအုန်းဆီ | 50.339 |
| 5 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 48.396 |
| 6 | ဆေးဝါးပစ္စည်းများ | 42.154 |
| 7 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 40.022 |
| 8 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 38.813 |
| 9 | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ | 21.138 |
| 10 | ဓါတုဗေဒပစ္စည်းများ | 20.917 |

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၂-၂၀၂၃ (၂၄-၂-၂၀၂၃ )ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၄-၂-၂၀၂၂ ) ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 3447.251 | 3481.389 | -34.138 |
| ၂ | တိရိစ္ဆာန်ထွက် | 19.732 | 6.509 | 13.223 |
| ၃ | ရေထွက် | 680.005 | 728.132 | -48.127 |
| ၄ | သတ္တုတွင်းထွက် | 312.679 | 597.875 | -285.196 |
| ၅ | သစ်တောထွက် | 129.163 | 129.446 | -0.283 |
| ၆ | စက်မှုကုန်ချော | 10049.023 | 7765.457 | 2283.566 |
| ၇ | အခြား | 397.847 | 731.944 | -334.097 |
| | **စုစုပေါင်း** | **15035.700** | **13440.752** | **1594.948** |

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၂-၂၀၂၃ (၂၄-၂-၂၀၂၃)ထိ | ၂၀၂၁-၂၀၂၂ (Mini Budget) (၂၄-၂-၂၀၂၂)ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 3359.579 | 3032.384 | 327.195 |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 7470.998 | 5191.641 | 2279.357 |
| ၃ | လူသုံးကုန်ပစ္စည်း | 2646.611 | 3163.620 | -516.709 |
| ၄ | CMP | 2279.446 | 1722.847 | 556.599 |
| | | | | |
| | | | | |
| | **စုစုပေါင်း** | **15756.634** | **13110.192** | **2646.442** |

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၃၊ ဖေဖော်ဝါရီလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၂၈.၂.၂၀၂၃) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စ | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | – | 70000–71000 |
| မြောင်းမြ | 50000–52000 | 70000–73000 |
| ဒေးဒရဲ | 51000–52000 | 68000–69000 |
| ဝါးခယ်မ | 51000-52000 | 68000–69000 |
| ဘိုကလေး | 51000-52000 | 69000–70000 |
| မော်ကျွန်း | 51000-52000 | 69000–70000 |
| လပွတ္တာ | 51000–52000 | 68000–69000 |
| ကျိုက်လတ် | 50000–51000 | 68000–69000 |
| ဘုရင့်နောင် | 50000–51000 | 80000–85000 (ရွှေဘို) |

Source: MRF

## ၂၀၂၃၊ ဖေဖော်ဝါရီ လအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ) | | | ခွဲနီ(ရှယ်) | | | ညှော်မထ | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.2.2023 | 65000 | 64000 | 63000 | 54000 | 53500 | 53000 | 48500 | 48000 | 47500 | 47000 | 46000 | 45000 |
| 2 | 2.2.2023 | 65000 | 64000 | 63000 | 54000 | 53500 | 53000 | 48500 | 48000 | 47500 | 47000 | 46000 | 45000 |
| 3 | 3.2.2023 | 65000 | 64000 | 63000 | 54000 | 53500 | 53000 | 48500 | 48000 | 47500 | 47000 | 46000 | 45000 |
| 4 | 6.2.2023 | 65000 | 64000 | 63000 | 58000 | 57500 | 57000 | 52500 | 52000 | 51000 | 50000 | 49000 | 48000 |
| 5 | 7.2.2023 | 65000 | 64000 | 63000 | 58000 | 57500 | 57000 | 52500 | 52000 | 51000 | 50000 | 49000 | 48000 |
| 6 | 8.2.2023 | 65000 | 64000 | 63000 | 58000 | 57500 | 57000 | 52500 | 52000 | 51000 | 50000 | 49000 | 48000 |
| 7 | 9.2.2023 | 65000 | 64000 | 63000 | 58000 | 57500 | 57000 | 52500 | 52000 | 51000 | 50000 | 49000 | 48000 |
| 8 | 10.2.2023 | 65000 | 64000 | 63000 | 61000 | 59000 | 58000 | 52500 | 52000 | 51000 | 50000 | 49000 | 48000 |
| 9 | 13.2.2023 | 70000 | 69000 | 68000 | 64000 | 63000 | 62000 | 56000 | 55500 | 55000 | 50000 | 49000 | 48000 |
| 10 | 14.2.2023 | 70000 | 69000 | 68000 | 64000 | 63000 | 62000 | 56000 | 55500 | 55000 | 50000 | 49000 | 48000 |
| 11 | 15.2.2023 | 70000 | 69000 | 68000 | 64000 | 63000 | 62000 | 56000 | 55500 | 55000 | 50000 | 49000 | 48000 |
| 12 | 16.2.2023 | 70000 | 69000 | 68000 | 64000 | 63000 | 62000 | 56000 | 55500 | 55000 | 50000 | 49000 | 48000 |
| 13 | 17.2.2023 | 70000 | 69000 | 68000 | 64000 | 63000 | 62000 | 56000 | 55500 | 55000 | 50000 | 49000 | 48000 |
| 14 | 20.2.2023 | 70000 | 69000 | 68000 | 64000 | 63000 | 62000 | 56000 | 55000 | 54000 | 50000 | 49000 | 48000 |
| 15 | 21.2.2023 | 70000 | 69000 | 68000 | 64000 | 63000 | 62000 | 56000 | 55000 | 54000 | 50000 | 49000 | 48000 |
| 16 | 22.2.2023 | 70000 | 69000 | 68000 | 64000 | 63000 | 62000 | 56000 | 55000 | 54000 | 50000 | 49000 | 48000 |
| 17 | 23.2.2023 | 70000 | 69000 | 68000 | 64000 | 63000 | 62000 | 56000 | 55000 | 54000 | 50000 | 49000 | 48000 |
| 18 | 24.2.2023 | 70000 | 69000 | 68000 | 64000 | 63000 | 62000 | 56000 | 55000 | 54000 | 50000 | 49000 | 48000 |
| 19 | 27.2.2023 | 69000 | 68000 | 67000 | 59000 | 58500 | 58000 | 51000 | 50000 | 49500 | 50000 | 49000 | 48000 |
| 20 | 28.2.2023 | 69000 | 68000 | 67000 | 59000 | 58500 | 58000 | 51000 | 50000 | 49500 | 50000 | 49000 | 48000 |

**Source: Myanmar Rice**

## ၂၀၂၃၊ ဖေဖော်ဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2023 | 2023 | | | | |
| 1 | 1.2.2023 | 1762000 | 1930000 | 1531000–1613600 | 1714700–1788200 | 1990300–2091300 | 1916800 |
| 2 | 2.2.2023 | 1808000 | 1957500 | 1531000–1613600 | 1755900–1849400 | 1990300–2091300 | 2128100–2125000 |
| 3 | 3.2.2023 | 1815000 | 1954000 | 1531000–1613600 | 1837200–1910700 | 1990300–2091300 | 2128100–2125000 |
| 4 | 6.2.2023 | 1781000 | 1912500 | 1531000–1613600 | 1959600–2033100 | 1990300–2091300 | 1916800 |
| 5 | 7.2.2023 | 1780000 | 1935000 | 1531000–1613600 | 2020900–2094400 | 1990300–2091300 | 1916800 |
| 6 | 8.2.2023 | 1785000 | 1950000 | 1531000–1613600 | 2082100–2155600 | 1990300–2091300 | 1916800 |
| 7 | 9.2.2023 | 1815000 | 2004000 | 1531000–1583000 | 2143400–2216900 | 1990300–2091300 | 1916800 |
| 8 | 10.2.2023 | 1820000 | 2001000 | 1531000–1583000 | 2204600–2278100 | 1990300–2091300 | 1916800 |
| 9 | 13.2.2023 | 1871000 | 2067500 | 1531000–1583000 | 2397500–2471000 | 1990300–2091300 | 1916800 |
| 10 | 14.2.2023 | 1861500 | 2080000 | 1531000–1583000 | 2397500–2449600 | 1990300–2091300 | 1916800 |
| 11 | 15.2.2023 | 1883000 | 2100000 | 1531000–1583000 | 2397500–2449600 | 1990300–2039300 | 1916800 |
| 12 | 16.2.2023 | 1875000 | 2098000 | 1531000–1583000 | 2397500 | 1990300–2094400 | 1916800 |
| 13 | 17.2.2023 | 1885000 | 2132500 | 1531000–1583000 | 2397500 | 1990300–2094400 | 1916800 |
| 14 | 20.2.2023 | 1855000 | 2073000 | 1531000–1583000 | 2397500 | 1990300–2094400 | 2183200 |
| 15 | 21.2.2023 | 1862000 | 2095000 | 1531000–1583000 | 2397500 | 1990300–2094400 | 2183200 |
| 16 | 22.2.2023 | 1863500 | 2090000 | 1478900–1531000 | 2397500 | 1990300–2094400 | 2183200 |
| 17 | 23.2.2023 | 1871000 | 2125000 | 1478900–1531000 | 2397500 | 1990300–2042300 | 2183200 |
| 18 | 24.2.2023 | 1860000 | 2126500 | 1478900–1531000 | 2397500 | 1990300–2042300 | 2183200 |
| 19 | 27.2.2023 | 1905000 | 2185000 | 1478900–1531000 | 2397500 | 1990300–2042300 | 2183200 |
| 20 | 28.2.2023 | 1886000 | 2187500 | 1478900–1531000 | 2397500 | 1990300–2042300 | 2183200 |

**Source: ဘုရင့်နောင်ကုန်စည်ဒိုင်**

## ၂၀၂၃၊ ဖေဖော်ဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်)(အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 1.2.2023 | 3761900–2820100 | 1356400–1408500 | 1377900–1460600 | 1733100–1788200 | 783900–796100 |
| 2 | 2.2.2023 | 3761900–2820100 | 1408500–1429900 | 1377900–1482000 | 1785100–1797400 | 783900–796100 |
| 3 | 3.2.2023 | 3761900–2820100 | 1408500–1429900 | 1377900–1531000 | 1815700–1837200 | 783900–796100 |
| 4 | 6.2.2023 | 3761900–2820100 | 1396200–1429900 | 1478900–1613600 | 1815700–1837200 | 783900–796100 |
| 5 | 7.2.2023 | 3761900–2820100 | 1377900–1408500 | 1478900–1613600 | 1815700–1837200 | 783900–796100 |
| 6 | 8.2.2023 | 3761900–2820100 | 1377900–1399300 | 178900–1583000 | 1815700–1837200 | 783900–796100 |
| 7 | 9.2.2023 | 3761900–2820100 | 1325800–1377900 | 178900–1583000 | 1815700–1837200 | 783900–796100 |
| 8 | 10.2.2023 | 3761900–2820100 | 1273800–1307500 | 178900–1583000 | 1815700–1837200 | 783900–796100 |
| 9 | 13.2.2023 | 3761900–2820100 | 1304400–1328900 | 178900–1583000 | 1815700–1837200 | 783900–796100 |
| 10 | 14.2.2023 | 3761900–2820100 | 1325800–1347300 | 178900–1583000 | 1837200–1889200 | 783900–796100 |
| 11 | 15.2.2023 | 3761900–2820100 | 1325800–1347300 | 178900–1583000 | 1837200–1889200 | 783900–796100 |
| 12 | 16.2.2023 | 3761900–2820100 | 1316600–1359500 | 178900–1583000 | 1837200–1889200 | 783900–796100 |
| 13 | 17.2.2023 | 3761900–2820100 | 1316600–1359500 | 178900–1583000 | 1837200–1889200 | 783900–796100 |
| 14 | 20.2.2023 | 3761900–2820100 | 1316600–1359500 | 178900–1583000 | 1837200–1889200 | 783900–796100 |
| 15 | 21.2.2023 | 3761900–2820100 | 1316600–1359500 | 178900–1583000 | 1837200–1889200 | 783900–796100 |
| 16 | 22.2.2023 | 3761900–2820100 | 1316600–1359500 | 178900–1583000 | 1837200–1889200 | 783900–796100 |
| 17 | 23.2.2023 | 3761900–2820100 | 1295200–1328900 | 1478900–1561600 | 1837200–1889200 | 771600–783900 |
| 18 | 24.2.2023 | 3761900–2820100 | 1295200–1328900 | 1478900–1531000 | 1837200–1889200 | 771600–783900 |
| 19 | 27.2.2023 | 3761900–2820100 | 1295200–1328900 | 1478900–1531000 | 1837200–1889200 | 765500–777700 |
| 20 | 28.2.2023 | 3761900–2820100 | 1295200–1328900 | 1478900–1531000 | 1837200–1889200 | 765500–777700 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York | Yangon | Mandalay |
|---|---|---|---|---|---|
| 1 | 1.2.2023 | 1928 | 1933 | N/A | 2840000 |
| 2 | 2.2.2023 | 1954 | 1957 | N/A | 2840000 |
| 3 | 3.2.2023 | 1917 | 1921 | N/A | 2850000 |
| 4 | 6.2.2023 | 1880 | 1883 | N/A | 2830000 |
| 5 | 7.2.2023 | 1873 | 1876 | N/A | N/A |
| 6 | 8.2.2023 | 1881 | 1883 | 2850000 | 2847000 |
| 7 | 9.2.2023 | 1882 | 1885 | 2860000 | 2865000 |
| 8 | 10.2.2023 | 1859 | 1862 | 2860000 | 2860000 |
| 9 | 13.2.2023 | 1863 | 1866 | 2867000 | 2867000 |
| 10 | 14.2.2023 | 1860 | 1863 | 2865000 | 2864000 |
| 11 | 15.2.2023 | 1850 | 1854 | N/A | 2860000 |
| 12 | 16.2.2023 | 1842 | 1846 | 2857000 | 2857000 |
| 13 | 17.2.2023 | 1831 | 1840 | N/A | 2847000 |
| 14 | 20.2.2023 | 1843 | 1847 | 2853000 | 2852000 |
| 15 | 21.2.2023 | 1840 | 1843 | N/A | N/A |
| 16 | 22.2.2023 | 1838 | 1841 | 2857000 | 2852000 |
| 17 | 23.2.2023 | 1832 | 1834 | N/A | 2853000 |
| 18 | 24.2.2023 | 1828 | 1831 | 2853000 | 2852000 |
| 19 | 27.2.2023 | 1812 | 1815 | 2843000 | 2840000 |
| 20 | 28.2.2023 | 1818 | 1821 | 2843000 | 2840000 |

Source: Bullionvault,

## ၂၀၂၃၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.2.2023 to 3.2.2023 | 6.2 .2023 to 10.2.2023 | 13.2.2023 to 17.2.2023 | 20.2.2023 to 24.2.2023 | 27.2.2023 to 28.2.2023 |
|---|---|---|---|---|---|---|
| မတ်ပဲ (2022 -23 crop) | FAQ | 750-770 | 760-780 | 780-800 | 775-795 | 790-810 |
| | SQ | 850-870 | 860-880 | 880-900 | 875-895 | 890-910 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 845-895 | 855-905 | 875-925 | 875-925 | 890-940 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 905-955 | 915-965 | 935-985 | 935-985 | 950-1000 |
| | အခွံပါ အခြမ်း | 790-840 | 800-850 | 820-870 | 820-870 | 835-885 |
| ပဲတီစိမ်း (2022-23 Crop) | FAQ (အညာ) | 890-920 | 910-940 | 900-930 | 910-940 | 910-940 |
| | ရွှေဝါအသေး (Under 3.5 mm) | 1000-1030 | 1030-1060 | 1035-1065 | 1030-1050 | 1030-1050 |
| | ရွှေဝါအကြီး (Size 3.5 mm &up) | 970-990 | 1000-1020 | 1020-1040 | 1020-1040 | 1020-1040 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 900-920 | 930-950 | 920-950 | 930-960 | 930-960 |
| ပဲတီစိမ်း (2022 -23 Crop) | FAQ ပဲနောက် | 720-770 | 720-770 | 720-770 | 720-770 | 720-770 |
| | SQ ပဲနောက် | 810-860 | 820-870 | 820-870 | 820-870 | 820-870 |
| | အခွံပါအလုံးသေးအခြမ်း (အညာ) | 1090-1140 | 1110-1160 | 1100-1150 | 1100-1150 | 1100-1150 |
| | အခွံချွတ်အလုံးကြီးအခြမ်း (အညာ) | 875-925 | 895-945 | 885-935 | 885-935 | 885-935 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 850-900 | 870-920 | 860-910 | 860-910 | 860-910 |
| ပဲစင်းငုံ (2022 -23 Crop) | အနီ | 790-810 | 810-830 | 865-885 | 870-890 | 890-910 |
| ပဲစင်းငုံ (2023 Crop) | အဖြူ(စစ်ကိုင်း) | 765-785 | 765-785 | 830-850 | 830-850 | 850-870 |
| | အခွံချွတ်အခြမ်း | 1135-1160 | 1155-1180 | 1210-1235 | 1210-1235 | 1230-155 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 850-875 | 850-875 | 875-900 | 850-875 | 850-875 |
| | အခွံချွတ်အခြမ်း | 1175-1195 | 1175-1195 | 1200-1220 | 1175-1195 | 1175-1195 |
| ပဲလွန်းဖြူ | FAQ | 600-650 | 590-640 | 590-640 | 600-630 | 600-630 |
| | SQ | 700-730 | 615-645 | 615-645 | 635-685 | 635-685 |
| | အခွံချွတ်အခြမ်း | 800-850 | 790-840 | 790-840 | 795-845 | 815-865 |
| ပဲလွန်းနီ | FAQ | 850-880 | 850-880 | 850-880 | 940-990 | 940-990 |
| ပဲထောပတ် | FAQ | 910-940 | 865-895 | 865-895 | 965-995 | 1000-1030 |
| | အခွံချွတ်အခြမ်း | 1010-1040 | 965-995 | 965-995 | 1065-1095 | 1100-1130 |
| ပြောင်းဆံ | | 330-350 | 330-350 | 330-350 | 330-350 | 320-340 |
| နှမ်းဖြူ | | 1850-1900 | 1740-1790 | 1775-1825 | 1850-1900 | 1850-1900 |
| နှမ်းနက် (စပ့်) | | 1800-1850 | 1740-1790 | 1740-1790 | 1680-1730 | 1680-1730 |
| နှမ်းညို | | 1430-1480 | 1430-1480 | 1450-1500 | 1450-1500 | 1450-1500 |
| နှမ်းနက် (ရိုးရိုး) | | 1430-1480 | 1430-1480 | 1450-1500 | 1450-1500 | 1450-1500 |
| မြေထောက်ပဲ | | 1300-1325 | 1325-1350 | 1325-1350 | 1380-1405 | 1380-1405 |
| ပဲယင်း(ဝါ) | | 650-675 | 650-675 | 675-700 | 690-715 | 690-715 |
| ပဲယင်း(နီ) | | 950-1000 | 990-1040 | 990-1040 | 1010-1060 | 1010-1060 |
| Azuki ပဲတီစိမ်း(နီ) | | 1220-1250 | 1220-1250 | 1250-1280 | 1250-1280 | 1250-1280 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃ ၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်ဈေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 1.2.2023 to 7.2.2023 | 8.2.2023 to 14.2.2023 | 15.2.2023 to 21.2.2023 | 22.2.2023 to 28.2.2023 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 425-430 | 470-480 | 470-480 | 470-480 |
| 2 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 420-425 | 465-470 | 465-470 | 465-470 |
| 3 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexd) | 415-420 | 460-465 | 460-465 | 460-465 |
| 4 | Myanmar Long Grain White Rice 20% Broken(well Milled Double Polished Sortexd) | 410-415 | 455-460 | 455-460 | 455-460 |
| 5 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexd) | 405-410 | 450-455 | 450-455 | 450-455 |
| 6 | Myanmar Long Grain White Rice 5% Broken(Reasonable Well Milled) | 410-415 | 460-465 | 460-465 | 460-465 |
| 7 | Myanmar Long Grain White Rice 10% Broken(Reasonable Well Milled) | 405-410 | 455-460 | 455-460 | 455-460 |
| 8 | Myanmar Long Grain White Rice 15% Broken(Reasonable Well Milled) | 400-405 | 450-455 | 450-455 | 450-455 |
| 9 | Myanmar Long Grain White Rice 25% Broken(Reasonable Well Milled) | 395-400 | 445-450 | 445-450 | 445-450 |
| 10 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) (for Africa) | 395-400 | 445-450 | 445-450 | 445-450 |
| 11 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 430-435 | 485-495 | 485-495 | 485-495 |
| 12 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 425-430 | 480-485 | 480-485 | 480-485 |
| 13 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 420-425 | 475-480 | 475-480 | 475-480 |
| 14 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 410-420 | 470-475 | 470-475 | 470-475 |
| 15 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 430-435 | 475-480 | 475-480 | 475-480 |
| 16 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 425-430 | 470-475 | 470-475 | 470-475 |
| 17 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 420-425 | 465-470 | 465-470 | 465-470 |
| 18 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 410-420 | 450-455 | 450-455 | 450-455 |
| 19 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 430-435 | 485-490 | 485-490 | 485-490 |
| 20 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 425-430 | 480-485 | 480-485 | 480-485 |
| 21 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 420-425 | 475-480 | 475-480 | 475-480 |
| 22 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 410-420 | 450-455 | 450-455 | 450-455 |
| 23 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 430-435 | 485-490 | 485-490 | 485-490 |
| 24 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 425-430 | 480-490 | 480-490 | 480-490 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 420-425 | 475-480 | 475-480 | 475-480 |
| 26 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 410-420 | 460-470 | 460-470 | 460-470 |
| 27 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 510-520 | 520-525 | 520-525 | 520-525 |
| 28 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 505-515 | 515-520 | 515-520 | 515-520 |
| 29 | Myanmar Long Grain Parboiled Brown Rice 5% Broken | 500-520 | 460-470 | 460-470 | 460-470 |
| 30 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 510-520 | 520-525 | 520-525 | 520-525 |
| 31 | Myanmar Glutinous Rice 5% Broken | 650-700 | 650-700 | 650-700 | 650-700 |
| 32 | Myanmar Glutinous Rice 10 % Broken | 600-650 | 600-650 | 600-650 | 600-650 |
| 33 | Myanmar Glutinous Rice 15 % Broken | 590-600 | 590-600 | 590-600 | 590-600 |

**Source: MRF**

## ၂၀၂၃၊ ဖေဖော်ဝါရီလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USd/ gal) | Narural Gas USD/ MMBtu) | Heating Oil (USd/ gal) |
|---|---|---|---|---|---|---|
| 1 | 1.2.2023 | 79.25 | 84.49 | 254.35 | 2.77 | 313.87 |
| 2 | 2.2.2023 | 77.07 | 83.47 | 246.08 | 2.50 | 297.27 |
| 3 | 3.2.2023 | 75.71 | 82.02 | 243.62 | 2.44 | 289.41 |
| 4 | 6.2.2023 | 73.52 | 80.16 | 231.93 | 2.44 | 279.41 |
| 5 | 7.2.2023 | 75.56 | 82.41 | 243.65 | 2.45 | 283.32 |
| 6 | 8.2.2023 | 77.28 | 83.70 | 245.30 | 2.57 | 290.83 |
| 7 | 9.2.2023 | 78.31 | 84.93 | 247.20 | 2.43 | 289.65 |
| 8 | 10.2.2023 | 77.76 | 84.31 | 243.59 | 2.44 | 281.43 |
| 9 | 13.2.2023 | 78.92 | 85.64 | 284.75 | 2.55 | 284.85 |
| 10 | 14.2.2023 | 79.12 | 85.85 | 251.72 | 2.43 | 288.04 |
| 11 | 15.2.2023 | 78.67 | 85.17 | 247.64 | 2.57 | 291.00 |
| 12 | 16.2.2023 | 79.06 | 85.79 | 250.49 | 2.46 | 286.33 |
| 13 | 17.2.2023 | 77.88 | 84.48 | 240.35 | 2.40 | 279.00 |
| 14 | 20.2.2023 | 76.68 | 83.41 | 241.82 | 2.19 | 275.05 |
| 15 | 21.2.2023 | 76.61 | 83.23 | 242.15 | 2.21 | 273.54 |
| 16 | 22.2.2023 | 76.32 | 83.02 | 242.82 | 2.04 | 279.16 |
| 17 | 23.2.2023 | 74.35 | 80.98 | 234.00 | 2.15 | 271.80 |
| 18 | 24.2.2023 | 75.97 | 82.84 | 239.84 | 2.37 | 274.00 |
| 19 | 27.2.2023 | 76.21 | 83.01 | 236.28 | 2.58 | 281.74 |
| 20 | 28.2.2023 | 75.92 | 82.59 | 236.83 | 2.70 | 281.98 |

Source: Bloomberg Commodities

## ၂၀၂၃၊ ဖေဖော်ဝါရီလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 6.2.2023 | 1175-1225 | 1125-1175 | 1075-1125 | 1025-1075 | 975-1025 |
| 2 | 13.2.2023 | 1175-1225 | 1125-1175 | 1075-1125 | 1025-1075 | 975-1025 |
| 3 | 20.2.2023 | 1175-1225 | 1125-1175 | 1075-1125 | 1025-1075 | 975-1025 |
| 4 | 27.2.2023 | 1175-1225 | 1125-1175 | 1075-1125 | 1025-1075 | 975-1025 |

Source: MRPPA

## ၂၀၂၃၊ ဖေဖော်ဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| No | Date | Dollar | |
|---|---|---|---|
| | | နံနက် | ညနေ |
| 1 | 1.2.2023 | N/A | N/A |
| 2 | 2.2.2023 | 2850-2860 | 2850-2860 |
| 3 | 3.2.2023 | 2855-2860 | 2855-2865 |
| 4 | 6.2.2023 | 2855-2865 | 2850-2855 |
| 5 | 7.2.2023 | 2850-2855 | 2845-2850 |
| 6 | 8.2.2023 | 2845-2855 | 2840-2850 |
| 7 | 9.2.2023 | 2850-2855 | 2855-2865 |
| 8 | 10.2.2023 | 2840-2850 | 2855-2865 |
| 9 | 13.2.2023 | 2855-2865 | 2855-2860 |
| 10 | 14.2.2023 | 2855-2865 | 2855-2860 |
| 11 | 15.2.2023 | 2845-2855 | 2845-2850 |
| 12 | 16.2.2023 | 2845-2855 | 2845-2850 |
| 13 | 17.2.2023 | 2850-2855 | 2860-2865 |
| 14 | 20.2.2023 | 2855-2865 | 2855-2860 |
| 15 | 21.2.2023 | 2870-2875 | 2880-2885 |
| 16 | 22.2.2023 | 2875-2880 | 2870-2875 |
| 17 | 23.2.2023 | 2865-2870 | 2865-2870 |
| 18 | 24.2.2023 | 2865-2870 | 2865-2870 |
| 19 | 27.2.2023 | 2870-2875 | 2875-2880 |
| 20 | 28.2.2023 | 2870-2875 | 2875-2880 |

Source: e trade Myanmar

## ၂၀၂၃၊ ဖေဖော်ဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.2.2023 | 2100.0 | 6.927 | 311.44 | 1599.9 | 25.638 | 1616.8 |
| 2 | 2.2.2023 | 2100.0 | 64.054 | 312.34 | 1607.9 | 25.555 | 1629.0 |
| 3 | 3.2.2023 | 2100.0 | 63.704 | 311.57 | 1602.4 | 25.646 | 1634.5 |
| 4 | 6.2.2023 | 2100.0 | 62.383 | 309.6 | 1584.5 | 25.377 | 1589.0 |
| 5 | 7.2.2023 | 2100.0 | 62.537 | 309.35 | 1583.8 | 25.385 | 1592.7 |
| 6 | 8.2.2023 | 2100.0 | 62.752 | 309.56 | 1587.0 | 25.449 | 1606.2 |
| 7 | 9.2.2023 | 2100.0 | 62.752 | 309.81 | 1588.0 | 25.439 | 1604.7 |
| 8 | 10.2.2023 | 2100.0 | 62.139 | 308.56 | 1581.7 | 25.447 | 1602.7 |
| 9 | 13.2.2023 | 2100.0 | 61.965 | 307.52 | 1575.9 | 25.384 | 1582.9 |
| 10 | 14.2.2023 | 2100.0 | 62.103 | 308.23 | 1583.8 | 25.379 | 1590.7 |
| 11 | 15.2.2023 | 2100.0 | 61.198 | 306.83 | 1574.4 | 25.355 | 1574.7 |
| 12 | 16.2.2023 | 2100.0 | 61.18 | 306.34 | 1574.5 | 25.392 | 1569.1 |
| 13 | 17.2.2023 | 2100.0 | 60.694 | 305.14 | 1567.0 | 25.350 | 1556.3 |
| 14 | 20.2.2023 | 2100.0 | 61.011 | 306.15 | 1572.0 | 25.382 | 1566.1 |
| 15 | 21.2.2023 | 2100.0 | 60.476 | 305.47 | 1569.8 | 25.364 | 1559.8 |
| 16 | 22.2.2023 | 2100.0 | 60.694 | 304.55 | 1567.5 | 25.336 | 1557.0 |
| 17 | 23.2.2023 | 2100.0 | 60.554 | 304.41 | 1563.6 | 25.375 | 1557.3 |
| 18 | 24.2.2023 | 2100.0 | 60.276 | 302.61 | 1561.5 | 25.380 | 1553.8 |
| 19 | 27.2.2023 | 2100.0 | 59.786 | 301.63 | 1555.6 | 25.340 | 1539.8 |
| 20 | 28.2.2023 | 2100.0 | 59.406 | 302.73 | 1556.7 | 25.408 | 1536.2 |

Source: Central Bank of Myanmar